**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၄၅)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၂ ရက်၊ အင်္ဂါနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့်တွေ့ဆုံဆွေးနွေး

## အနာဂတ်ကာလများတွင် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ဘုံအကျိုးဖြစ်ထွန်းစေမယ့်ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁**

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House)၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House) သို့ရောက်ရှိရာ

စာမျက်နှာ ၁၆ ကော်လံ ၁ ★

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံ တရားဝင်ခရီးစဉ်အတွင်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးတွဲကြေညာချက်

( ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက်- ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃ ရက်)

၁။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာ မိုဒီ၏ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက်မှ ဇွန်လ ၃ ရက်အထိ အိန္ဒိယနိုင်ငံသို့ ပထမဆုံး တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည်။

၂။ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့ လိုက်ပါခဲ့ကြသည်။ ထို့ပြင် စိုက်ပျိုးရေး၊ ဆေးဝါး၊ စွမ်းအင်၊ ဘဏ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့်သယ်ယူထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းအပါအဝင်ကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းအဖွဲ့ဝင်များက မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ →

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၂ ရက်)

# အိန္ဒိယ-မြန်မာနှစ်နိုင်ငံအတွက်စီးပွားရေးအခွင့်အလမ်းများ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် အစိုးရသစ်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့နှင့်ထိတွေ့ဆက်ဆံသည့်မူဝါဒ (Act East Policy)နှင့် (Neighbourhood First Policy) တို့ကို ပိုမိုမြဲမြံခိုင်မာစေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်မည့်ခရီးစဉ်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် ပိုမိုခိုင်မာအားကောင်းရန် ဆောင်ရွက်လျက်ရှိပြီး ယခုအစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် ရှည်လျားလှသည့်ကုန်းမြေနှင့် ရေပြင်နယ်နိမိတ်ချင်းထိစပ်နေရုံသာမက ရိုးရာယဉ်ကျေးမှုချင်းဆက်နွှယ်နေပြီး ရှေးနှစ်ပေါင်းများစွာကတည်းက ခိုင်မာသည့်သမိုင်းဝင်ချစ်ကြည်မှု အခြေခံကောင်းများရှိကြသည့် “အိမ်နီးချင်းကောင်း” နိုင်ငံများဖြစ်ကြသည်။ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓမြတ်စွာပွင့်ထွန်းရာ မြေမြတ်မဟာဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဆိုပါဗုဒ္ဓတရားတော်များနှင့်ယဉ်ကျေးမှုတို့ကို ယနေ့တိုင်အလေးအနက်တန်ဖိုးထား လိုက်နာထိန်းသိမ်းထားသည့်နိုင်ငံဖြစ်သည်။ ထိုသို့ ဓမ္မကြောင်းအရ၊ သမိုင်းကြောင်းအရဆက်နွှယ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုတို့သည် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် စိန်ရတုမှတ်တိုင်ကို အတူဖြတ်ကျော်ခဲ့ပြီး ယခုအခါ ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကိုလိုနီလက်အောက်တွင် အတူတကွနေခဲ့ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် ရှေးယခင်ကတည်းက ကူးလူးဆက်ဆံမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများစွာရှိပြီး ယနေ့ထက်တိုင် အေးအတူပူအမျှ အတူတကွနေထိုင်လုပ်ကိုင်လျက်ရှိကြသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏အဓိကကုန်သွယ်ဖက်နိုင်ငံများတွင်ပါဝင်ပြီး မြန်မာနိုင်ငံက စတုတ္ထမြောက် ပို့ကုန်အများဆုံးတင်ပို့နေသည့်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံကို ဆဋ္ဌမမြောက် သွင်းကုန်အများဆုံးတင်သွင်းနေသည့်နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံမှအိန္ဒိယသို့ မတ်ပဲ၊ ပဲစင်းငုံနှင့် မြေထောက်ပဲ၊ ရေထွက်ပစ္စည်း၊ ချုပ်ပြီးအထည်၊ သစ်ပါးလွှာနှင့်အထပ်သားတို့ကို အဓိကတင်ပို့နေပြီး မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယထုတ်ကုန်များဖြစ်သည့် ဆေးဝါး၊ ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လယ်ယာသုံးစက်ပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်မှုသည် နှစ်စဉ်ပျမ်းမျှ ၁ ဒသမ ၅ ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်ပိုမိုများပြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေစဉ်အတွင်း မေလ ၃၁ ရက် နံနက်ပိုင်းတွင် နယူးဒေလီ၌ကျင်းပသည့် မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ် **“မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အတွက် မဟာဗျူဟာအရအရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအဖြစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှု၊ ဆေးဝါးထုတ်လုပ်မှု၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများအဖြစ် သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ်ဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်၏လိုအပ်ချက်အရ ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့်သံမဏိထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်စေရန် လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်း စသည့်ကဏ္ဍများတွင် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးဝန်ဆောင်မှုများဖြင့် အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းဦးစားပေးမူဝါဒ၊ အရှေ့နှင့်ထိတွေ့ဆက်ဆံသည့်မူဝါဒ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးအရ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုသာမက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် လက်ရှိထက် အဆများစွာပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများရှိနေသည်။ အဆိုပါအလားအလာများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံတို့၏စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ပိုမိုနီးကပ်စွာဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ရွှေတောင်မြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ(အကြို) သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရွှေတောင် ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနသည် တောင်လုံးညိုကျေးရွာ သာသနာ့ဝံသ(လေးကြီး)ဘုန်းတော်ကြီးကျောင်းဝင်း၌ ၂၀၂၆ ခုနှစ် မိုးရာသီ(အကြို)သစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၁၀၀၊ ပန်းပိတောက်ပင် ၅၀၊ မဟော်ဂနီပင် ၅၀၊ ခရေပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀ ပျိုးပင်ပေါင်း ၃၀၀ တို့အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# မိုးရာသီ သီးနှံစုံ ဧက ၆၂၂၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

ကန့်ဘလူ ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများသည် ယခုနှစ်မိုးရာသီတွင် ဆည်ရေသောက်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ လျှပ်စစ်ရေတင်၊ မိုးကောင်းသောက်ရေနှင့် မြေအောက်ရေတင်စနစ်များဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌ မိုးရာသီသီးနှံစုံ ၆၂၂၆၈၈ ဧကကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့၌ မိုးရာသီ သီးနှံစုံ အမျိုးအစားအလိုက် လျာထားဧကများမှာ မိုးစပါး ၁၇၉၄၅၉ ဧက၊ ပဲမျိုးစုံသီးနှံ ၂၂၇၈၁၇ ဧက၊ ဆီထွက်သီးနှံ ၅၉၈၄၁ ဧက၊ ဝါသီးနှံ ၁၀၄ ဧက၊ စားဖိုဆောင်သီးနှံ ၁၅ ဧက၊ အခြားသီးနှံ ၁၁၇၂၀၅ ဧက၊ နှစ်ရှည်ပင်သီးနှံ ၃၇၀၄၂ ဧက၊ လျှော်ဖြူ ၁၂၀၄ ဧကနှင့်ကြယ်ပဲ ၁ ဧက စိုက်ပျိုးမည်ဖြစ်သည်။

ယခုနှစ် မိုးသီးနှံများစိုက်ပျိုးရာတွင် မိုးစပါးများကို ဇွန်လလယ်တွင် စတင်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများကို မေလဆန်းပိုင်းမှ စတင်စိုက်ပျိုးလျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကန့်ဘလူခရိုင်၌ ယခုနှစ်မိုးရာသီ သီးနှံစုံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက တာဝန်ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ပြီး မိုးရာသီသီးနှံစုံကို စိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းဆန်နှင့် စားသုံးဆီဖူလုံရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် | ၉။ | ၁၀:၄၅ | စိုက်ပျိုးသုတ |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး | ၁၀။ | ၁၁:၅၀ | သီချင်းလက်ဆောင် |
| ၃။ | ၀၇:၀၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၁။ | ၁၂:၅၀ | ကျန်းမာသုတ |
| ၄။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၂။ | ၁၃:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၃။ | ၁၃:၅၀ | Movie & Movies |
| ၆။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် | ၁၄။ | ၁၅:၁၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇။ | ၀၉:၂၀ | ရင်မှာစွဲလမ်း တော်ဝင်ပန်း | ၁၅။ | ၁၅:၄၀ | ဇာတ်လမ်းတို |
| ၈။ | ၁၀:၃၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၆။ | ၁၆:၂၀ | နိုင်ငံတကာသတင်း |
| | | | ၁၇။ | ၁၆:၄၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ကျောင်းဆင်းများအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တွေ့ဆုံ



နေပြည်တော် ဇွန် ၁

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့မှ ၂၀၂၆ ခုနှစ် မေလတွင် ကျောင်းဆင်းသည့်ကျောင်းသား၊ကျောင်းသူ ၆၁ ဦးနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ သက်ဆိုင်ရာဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေး လုပ်ငန်းခွင်ဝင်သင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အလုပ်တာဝန်အပေါ် ဂုဏ်ယူစွာတာဝန်ထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ အထူးသဖြင့် ကိုယ်ရောက်ရှိရာဒေသရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေ တိုးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများကို စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ကျောင်းဆင်းဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (ရန်ကုန်)ရှိ ဝန်ထမ်းများနှင့် ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း တွေ့ဆုံ

ရန်ကုန် ဇွန် ၁

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိကော်မရှင်ရုံးခွဲ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုကြောင်း၊ နိုင်ငံတော်အကျိုး ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဟူသော ကဏ္ဍသုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝအောင် အမြဲဖြည့်ဆည်းနေရန်လိုအပ်ကြောင်းမှာကြားပြီး ရုံးခွဲရှိ ဝန်ထမ်းများနှင့် မိသားစုများအတွက် ဆန်၊ စားသုံးဆီနှင့်ကြက်ဥများကိုထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုနှင့် ကော်မရှင်ရုံးခွဲဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေအား ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကြည့်ရှုစစ်ဆေး



ဟားခါး ဇွန် ၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ယနေ့မှစ၍ နိုင်ငံတစ်ဝန်း စတင်ဖွင့်လှစ်ခဲ့ရာ ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများ၌လည်း ကျောင်းသင်ခန်းစာများ စတင်သင်ကြားပေးလျက်ရှိသည်။

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သည် ယနေ့နံနက် ၁၀ နာရီတွင် တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင်ဖွင့်လှစ်၍ စာစတင်သင်ကြားပေးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးပြီး နိုင်ငံတော်မှထောက်ပံ့သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား၊ ကျောင်းသူများကို ထောက်ပံ့ပေးအပ်သည်။

တီးတိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၇၈၂၅ စုံ၊ ဗလာစာအုပ် ၁၂၄၅၇ ဒါဇင်၊ ဘောပင်/ခဲတံ ၃၄၇၂ ဒါဇင်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို မြို့နယ်ပညာရေးမှူးသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး တီးတိန်မြို့နယ်တွင် ယနေ့အထိ KG မှ Grade-12 အထိ ကျောင်းသား၊ ကျောင်းသူ ၁၀၄၅၇ ဦးနှင့် တွန်းဇံမြို့နယ်တွင် ၁၇၀၆ ဦး၊ တီးတိန်ခရိုင်အတွင်း စုစုပေါင်း ၁၂၁၆၃ ဦး ကျောင်းအပ်နှံလက်ခံကာ ပညာသင်ကြားလျက်ရှိကြောင်း တီးတိန်ခရိုင်ပညာရေးမှူးရုံးမှသိရသည်။

ခရိုင်(ပြန်/ဆက်)

**ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်**

နေပြည်တော် ဇွန် ၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ (မိုး/ဇလ)

# ဟိုပုံးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန် တက်ရောက်



ဟိုပုံး ဇွန် ၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်၁၀ နာရီတွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အဖွင့်အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက မြစိမ်းရောင်ကျေးရွာစီမံကိန်း(MSY) ဆောင်ရွက်မည့် လွယ်တန့်ကျေးရွာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ဆောင်ရွက်မည့်ကျောက္ကချားကျေးရွာ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် နောင်ခါးကျေးရွာ၊ ထမ်စမ်းကျေးရွာ၊ လွယ်တောင်ကျေးရွာ၊ လွယ်လွမ့်ကျေးရွာတို့ကို ရန်ပုံငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ကမ္မဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

အသန့်ခမျာမှာ ကံဒီရေတွင် မလှန်သာ မဆန်သာ မျောပါရသော ဗေဒါပွင့်ကလေးနှင့်ပမာတူ၍ နေချေတော့သည်။ ဘာလုပ်နိုင်မည်နည်း။ အသန့်ကိုထားဦး၊ အသန့်အားကိုးတစ်ခုလာ၍တိုင်ပင်သော ကျွန်ုပ်ပင် လျှင် ဘာတတ်နိုင်ဦးမည်နည်း။ ထို့ကြောင့် ...

"ဒီလိုဆိုရင် အသန့်စောစောစီးစီးကတည်းက လူကြီးတွေကို ရှင်းရှင်းလင်းလင်းပြောထားဖို့ကောင်းတာကွယ်။ ခုတော့ အားလုံး လက်လွန်လက်ကျွံ စီမံပြီးကုန်လို့ နက်ဖြန်ပဲမင်္ဂလာဆောင်ရတော့မယ်၊ ဘယ်လိုလုပ်ဖို့လမ်းမှ အစ်ကိုကံကောင်းတော့မမြင်ဘူး"ဟု ညည်းလိုက်မိသည်၌ အသန့်က ခေါင်းကလေးတစ်ချက်ဆတ်ခနဲမော်ရင်း ...

"လမ်းရှိရင် အစ်ကိုကံကောင်း အသန့်ကိုကူမှာလားဟင်" ဟု ဖျတ်ခနဲမေးလိုက်ရာ ကျွန်ုပ်လည်း ကြောင်၍သွားရာက "ပြောလေ ဘယ်လိုလမ်းလဲ။ အစ်ကိုကံကောင်း တတ်နိုင်တဲ့လမ်းသာဆိုရင် ဘာပဲကူညီရ၊ ကူညီရ..."ဟု ဖြေလိုက်မိသည်၌ အသန့်လည်း နှုတ်ခမ်းကလေးကို ကိုက်၍ အတန်ကြာ တွေဝေငေးစိုက်နေပြီးမှ တစ်စုံတစ်ခုပြောရန် အားတင်းလိုက်သလို သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီးလျှင် ...

"ဒါဖြင့်ရင် အခုည အစ်ကိုကံကောင်း အသန့်ကိုခေါ်ပြီး တခြားမြို့တစ်ခုခုကို ပို့ပေးပါလားဟင်"ဟု ပြောချလိုက်ရာ ကျွန်ုပ်မှာ"ဟယ် ... မဖြစ်နိုင်တာပဲ"ဟု ကယောင်ကတမ်းဆိုလိုက်မိ၏။

"ဘာပြုလို့မဖြစ်နိုင်ရမှာလဲ အစ်ကိုကံကောင်းရယ်၊ အသန့်မှာ ဇာထိုးပြီး ငွေစုထားတာလေးတွေရှိပါတယ်။ စရိတ်အတွက်တော့ မပူပါနဲ့။ အသန့်တစ်ယောက်တည်းမသွားဝံ့လို့သာ၊ နို့မဟုတ်ရင် အသန့်ခုနကတည်းက ထွက်သွားပြီးပြီ"ဟု အသန့်ကပြောပြန်သည်၌ ကျွန်ုပ်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရပြန်ပြီးနောက် "မဟုတ်တာ ညီမလေးရယ်၊ မဟုတ်တာတွေကို" ဟု ညည်းလိုက်မိပြန်၏။ ထိုအခါ အသန့်က မျက်နှာထားကလေးတင်းတင်းနှင့် "ဒါဖြင့် အစ်ကိုကံကောင်း အသန့်ကို လိုက်ပို့ပါ"ဟု ဇွတ်ပြောလိုက်ပြန်ရာ ကျွန်ုပ်မှာ ရင်တွင်း၌ တင်းကျပ်သွားရာက "မဖြစ်ဘူး အသန့် မဖြစ်ဘူး၊ အားလုံးပြောစရာဖြစ်ကုန်လိမ့်မယ်" ဟု ဆိုမိသည်၌ အသန့်က ရင်ကလေးမောက်အောင် အသက်ရှူလိုက်ရင်း "ထင်ကောဘာဖြစ်လဲ အစ်ကိုကံကောင်းရယ်၊ ထင်ချင်ရာထင် ..."

အသန့်၏စကားမဆုံးမီပင် "မောင်ကံကောင်း၊ မောင်ကံကောင်း၊ အသန့် အမယ်လေးသမီးရယ် မေမေတို့ဖြင့် ရှာလိုက်ရတာကွယ်... ကိုင်း. . .လာ၊ အိမ်ကိုသွားရအောင် ဈေးထဲက သမီးရဲ့သူငယ်ချင်းတွေ တစ်သုတ်ကြီး နောက်ထပ်ရောက်နေကြတယ်။ ယူလာလိုက်တဲ့ လက်ဆောင်တွေကလည်း တစ်ပုံကြီးပါပဲအေ ...။ ကဲ ... လာ ... သွားကြစို့သမီး" ဟု ပြောပြောဆိုဆို ခေါ်ခေါ်နှင့်တက်လာရာက အသန့်အား ခေါ်ငင်နေသော အသန့်၏မိခင်ကြီး ပျာပျာသလဲရောက်လာသောကြောင့် ကျွန်ုပ်တို့နှစ်ယောက်လည်း ကိုယ်ရှိန်သတ်၍ ဣန္ဒြေဆည်လိုက်ရပေသည်။

"လာလေ ... သွားစို့ ... သမီး။ ဧည့်သည်တွေ စောင့်နေရတာကွယ် ... အားနာစရာ" ဟု သူ့မိခင်ကြီးက ထပ်လောလိုက်သည်တွင် အသန့်သည် ကျွန်ုပ်၏မျက်နှာတွင် တစ်စုံတစ်ခုကို ထက်သန်စွာရှာဖွေသော

**"ကျွန်ုပ်ကား အမှုသွားအမှုလာကိုထောက်၍ အယူခံပယ်ချခြင်းခံရမည်ကို ကြိုတင်၍သိပါ၏။ သို့သော် ပုထုဇဉ်တို့ဘာဝ သေရမည်ကိုမကြောက်ပါဘူးဆိုသော်လည်း ရွံ့မိပေသေးသည်။ သေရမည်ကို ကျွန်ုပ်ရွံ့သည်ဟုဆိုသဖြင့် ကျွန်ုပ်အား သတ္တိကြောင်သည်ဟု ဆိုချင်ကဆိုပါတော့၊ သေစားသေစေ စီရင်ချက်အကျတွင် တဟားဟားရယ်မိသောကျွန်ုပ်သည် အယူခံပယ်၍ အချခံရမည်ကို စိုးကာ စိတ်အားငယ်မိသည်ကို သူရဲဘောနည်းသည်ဟုဆိုလိုက ဆိုကြပေတော့။ သို့သော် ငရဲအိုး၌ မီးလျှံတပြောင်ပြောင်တောက်လောင်ခြင်းကိုခံ၍နေရသော ငရဲသားသည်ပင် အသက်သေရမည်ကို ကြောက်ရွံ့သေး၏. . ."**

မျက်လုံးများဖြင့် စူးစူးဝါးဝါးကြီးကြည့်၏။ ကျွန်ုပ်၏ ရင်တွင်း၌ကား ပြည့်ကယ်၍ အစ်လာပေတော့သည်။ သို့သော် မတတ်သာ။ ထို့ကြောင့် "ဟုတ်သားပဲ၊ အသန့်သွားလေ" ဟု ဇွတ်မှိတ်၍ ဆိုလိုက်ရသည်၌ အသန့်သည် မျက်လွှာကိုတစ်ချက်ချ၍ ခဏနေပြီးခါမှ ကျွန်ုပ်၏မျက်နှာကိုစူးရှစွာ တစ်ချက်ကွက်ခနဲကြည့်ကာ သူ့မိခင်နှင့်အတူ မာန်ပါပါလှမ်း၍ လိုက်သွားရှာပေသည်။ သူ၏ နောက်ဆုံး ကွက်ခနဲကြည့်လိုက်သော အကြည့်တစ်ချက်ကား ကျွန်ုပ်၏နှလုံးသားကို လှံစွပ်အဖျားဖြင့် စွပ်ခနဲဆွလိုက်သလို ဖြစ်သွားစေလေတော့သည်။

သြော် ... ရွှေကံ ...ရွှေကံ လက်ပေး၍ သတ်တတ်သောရွှေကံရယ်။ အသန့်နှင့်နီးစပ်အောင် ကိုယ့်ဇာတိမြို့သို့ ရာထူးနှင့်ပြောင်းခဲ့ရဖို့ ဖန်တီးပေး၏။ အဟုတ်ထင်၍ စိတ်ရွှင်မိကာ အသန့်ကလေး၏အပေါ်၌ ပင် ကြင်နာစိတ်တွေဝင်လျက်နေမိစဉ်တွင် ကိုရွှေကံသည် လက်တစ်လုံးခြားကလေးလိမ့်၍ လိမ်လည်လှည့်ဖြားသွားပြန်ပေတော့သည်။

ကျွန်ုပ်ထံသို့ အဘိုးဦးနကီ အနိစ္စရောက်သည့်သတင်း ဟိုညက မရောက်ပါက အသန့်၏ မိဘတို့အား ကျွန်ုပ်တိုက်တွန်းစကားပြောကြားမိမည်မဟုတ်။ မပြောမိလျှင် အသန့်၏ကိစ္စကို အီလေးဆွဲနေကြမည်ဖြစ်၏။ ယခုကဲ့သို့သောအဖြစ်မျိုးကိုလည်း ကြုံမည်မဟုတ်။ တစ်မျိုးတစ်ဖုံဖြစ်လာရဖို့လမ်းရှိ၏။ ယခုမူကား ကျွန်ုပ်၏ တိုက်တွန်းစကားကြောင့် အသန့်၏မိဘများက မောင်စိန်မောင်၏ မိဘများထံ စာပြန်ဖြစ်လျက် ဤအခြေသို့ရောက်ခဲ့ကြပြီ။ အဘိုးတို့၏စနက်သည် ကျွန်ုပ်၏ အချစ်ရေးကိုပင် လိုက်လံနှောင့်ယှက်နေလေသေးတော့သည်။ အသန့်၏ (ထင်ကောဘာဖြစ်သလဲ အစ်ကိုကံကောင်းရယ် ... ထင်ချင်ရာထင်) ဟူသော လက်စမသတ်နိုင်သည့် နောက်ဆုံးစကားလေးများသည် အသန့်၏စိတ်ကို အရိပ်မျှပေါ်လွင်စေ၏။ သို့သော် ကျွန်ုပ် ယခုမှ ဘာတတ်နိုင်ပါဦးမည်နည်း။ တေ့လွဲကလေးလွဲရပုံကား ရင်နာစရာကြီးပင် ...။

■ ■ ■ ■ ■

**ဗိုလ်ကျော်ခေါင်**

ကျွန်ုပ်၏ဖြစ်စဉ် ဤကဏ္ဍကိုရေးသားရန် ကျွန်ုပ်ဟန်ပြင်နေသော ယမန်နေ့က ကျွန်ုပ်၏အယူခံကို နက်ဖြန်ခါတွင် အမိန့်ချမှတ်တော့မည် ဟု ပြောလာ၏။ ကျွန်ုပ်၏စိတ်များကား အယူခံစီရင်ချက်ကို စောင့်မျှော်လိုသောဇောဖုံးလွှမ်းနေသဖြင့် ကျွန်ုပ်၏ဖြစ်စဉ် ဤကဏ္ဍကို ရေးသားရန်ပင် စိတ်မဝင်စားတော့ပေ။ ကျွန်ုပ်ကား အမှုသွားအမှုလာကိုထောက်၍ အယူခံပယ်ချခြင်းခံရမည်ကို ကြိုတင်၍သိပါ၏။ သို့သော် ပုထုဇဉ်တို့ဘာဝ သေရမည်ကိုမကြောက်ပါဘူးဆိုသော်လည်း ရွံ့မိပေသေးသည်။ သေရမည်ကို ကျွန်ုပ်ရွံ့သည်ဟုဆိုသဖြင့် ကျွန်ုပ်အား သတ္တိကြောင်သည်ဟု ဆိုချင်ကဆိုပါတော့၊ သေစားသေစေ စီရင်ချက်အကျတွင် တဟားဟားရယ်မိသောကျွန်ုပ်သည် အယူခံပယ်၍ အချခံရမည်ကိုစိုးကာ စိတ်အားငယ်မိသည်ကို သူရဲဘောနည်းသည်ဟုဆိုလိုက ဆိုကြပေတော့။ သို့သော် ငရဲအိုး၌ မီးလျှံတပြောင်ပြောင်တောက်လောင်ခြင်းကို ခံ၍နေရသော ငရဲသားသည်ပင် အသက်သေရမည်ကို ကြောက်ရွံ့သေး၏။ အိုင်း အမာအနာကြီးပြည်ထည့်၍နေရာတွင် ဆေးသမား၏အနာဖောက်ဓားငယ်ဖြင့် ခွဲစိတ်လိုက်ပါက ပြည်များထွက်၍ အနာသက်သာမည်ကိုသိသော်လည်း အနာရှိသူမှာ အနာကိုခွဲစိတ်မည်ဟုဆိုလျှင် ဓားဦးကလေးကိုကြည့်ကာ ကြောက်တတ်ပေသေးသည်။ ဤသဘောကို မိလိန္ဒပဉှာ၌ ဤသို့ပင်ဆိုထားပေသည်။

ထို့ကြောင့် ယမန်နေ့က ကျွန်ုပ်သည် ဤအဖြစ်စဉ်မှတ်တမ်း၏ ဗိုလ်ကျော်ခေါင်ဘဝကဏ္ဍကိုရေးသားရန် အသင့်ပြင်ပြီးခါမှ အယူခံစီရင်ချက်ချခါနီးပြီဟုသိရသောကြောင့် သာမန်ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ သေရမည့်ဘေးမှဝေးပါစေဟု အတွင်းကျိတ်ဆုတောင်းမိရင်း ဤကဏ္ဍကိုမရေးဖြစ်ခဲ့ပေ။

ယနေ့ကား ကျွန်ုပ်၏အယူခံလွှာကို တရားလွှတ်တော်ချုပ်မှပယ်၍ ချလိုက်သောနေ့ဖြစ်၏။ ဤသို့အယူခံ၍ အဖတ်ဆယ်သော်လည်း မရနိုင်တော့မှန်းသိသောအခါတွင်မှ ကျွန်ုပ်၏အသက်ဘေး လွတ်နိုးလွတ်နိုး စိတ်ဂယက်တို့သည် တစ်ခါတည်းအနည်ထိုင်၍ ငြိမ်သက်သွားကြပေတော့သည်။ စိတ်ဂနာငြိမ်သောကြောင့်လည်း ဤကဏ္ဍကို ယနေ့ဆက်၍ရေးနိုင်ပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ထားဝယ်မြို့၌ ပေါင်ပျိုးစနစ်စိုက်ပျိုးနည်း ပညာပေးသင်တန်းနှင့် SRI စနစ် စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်

ထားဝယ် ဇွန် ၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပေါင်ပျိုးစနစ်စိုက်ပျိုးနည်းပညာပေးသင်တန်းနှင့် SRI စနစ်စိုက်ပျိုးနည်းပညာပေးသင်တန်းကို မေလ ၃၁ ရက်က ထားဝယ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းက ရက် ၁၀၀ စီမံချက်ကာလအတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရန်နှင့် မိုးစပါးစိုက်တောင်သူများသိရှိနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် ပေါင်ပျိုးစနစ်စိုက်ပျိုးနည်းစနစ်နှင့် SRI စနစ် စိုက်ပျိုးနည်းစနစ်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို သင်ကြားပို့ချဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မိုးစပါးစိုက်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ကျော်လတ်

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်လှစ်

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၇) ၌ စစ်ရေးပြထူးချွန်ဆုရရှိခဲ့သော တိုက်ကြီးမြို့နယ်တရားရုံးမှ အငယ်တန်းစာရေး ဦးတိုးတက်နိုင်အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေတို့ကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ H.E. Smt. Droupadi Murmu တို့ တွေ့ဆုံဆွေးနွေးစဉ်။

○ ကျောဖုံးမှအဆက်

တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်အတူ အိန္ဒိယအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လက်ရှိရွေးကောက်ခံအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးလျက်ရှိမှု၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြားယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြားမိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုအခြေအနေများ၊ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးအတွက် အတွေ့အကြုံများ မျှဝေနိုင်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

❖ **မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လက်ရှိရွေးကောက်ခံအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးလျက်ရှိ . . .**

ထို့နောက် နိုင်ငံတော်သမ္မတသည် သမ္မတအိမ်တော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval သည် ယမန်နေ့ ညနေပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ



ကြို့ပင်ကောက်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။



တောင်ငူမြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား နေမှုကိုတွေ့ရစဉ်။



စစ်ကိုင်းမြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား နေမှုကိုတွေ့ရစဉ်။



ပြင်ဦးလွင်မြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား နေမှုကိုတွေ့ရစဉ်။



နေပြည်တော် ကောင်စီနယ်မြေရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက် နေမှုကိုတွေ့ရစဉ်။



နေပြည်တော် ကောင်စီနယ်မြေရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား နေမှုကိုတွေ့ရစဉ်။




အောင်မြေသာစံ မြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက် နေမှုကိုတွေ့ရစဉ်။



ဂန့်ဂေါမြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက် နေမှုကိုတွေ့ရစဉ်။



အောင်လံမြို့ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား နေမှုကိုတွေ့ရစဉ်။



စစ်တွေမြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား နေမှုကိုတွေ့ရစဉ်။

➤ **ကျောဖုံးမှအဆက်**

ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကိုအခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်းကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းများ ယနေ့တွင်စတင်ဖွင့်လှစ်၍ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာအတန်းများအလိုက် သင်ခန်းစာများ သင်ကြား/သင်ယူနေမှုတို့အား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ အကြောင်းအမျိုးမျိုးကြောင့် **စာမျက်နှာ ၇ သို့** ➤

# ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံမှုရာခိုင်နှုန်း တိုးတက်မြင့်မားစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး ဇွန် ၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံမှုရာခိုင်နှုန်း တိုးတက်မြင့်မားစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်နေမှုနှင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု၊ စာသင်ကျောင်းများအလိုက် ကျောင်းအပ်နှံမှု တိုးတက်မြင့်မားလာစေရေး ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးပညာရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရမည့်လျာထားကျောင်းသားဦးရေ၊ ကျောင်းအပ်နှံမှုရာခိုင်နှုန်း၊ ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ယခုနှစ်တွင် လျာထားချက်ပြည့်မီစွာ ကျောင်းတက်ရောက်နိုင်ရေး ပိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၁၀)




ပုသိမ်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။




အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။



လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



ပဲခူးမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။







➤ စာမျက်နှာ ၆ မှအဆက်

ကျောင်းအပ် နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရှိရသည်။

၎င်းအပြင် နေပြည်တော်နှင့်ရန်ကုန်မြို့တို့ရှိ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းအဆင့် Grade–10၊ Grade–11 နှင့် Grade–12 အတန်းများကိုလည်း စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စိတ်ပါဝင်စားစွာဖြင့် လာရောက်လျှောက်ထားကျောင်းအပ်နှံသူများ များစွာရှိကြောင်း သိရှိရသည်။

အခုလို အခြေခံပညာကျောင်းများ ဖွင့်လှစ်ကာ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း အခုလိုပဲကြားသိရပါတယ်–

"ကျွန်မကျောင်းမဖွင့်ခင်အမီ ပြင်ဆင်ထားရှိမှုကတော့ ကျောင်းသား၊ ကျောင်းသူလေးများ အေးချမ်းစွာနဲ့ ပညာသင်ကြားနိုင်အောင် စာသင်ခန်းတွေ၊ စာသင်ခုံတွေ သေချာစီထားပါတယ်။ သေချာသပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနဲ့ဆောင်ရွက်ထားပါတယ်။ ရေရရှိမှု၊ ရေမိလ္လာစနစ်တွေ ကောင်းမွန်အောင်လည်း ပြင်ဆင်ဆောင်ရွက်ထားပါတယ်၊ ကလေးပျော်ကျောင်းဖြစ်ဖို့အတွက် ပတ်ဝန်းကျင်ချုံနွယ်ပိတ်ပေါင်းတွေလည်းပဲမရှိအောင် ဌာနဆိုင်ရာက နေပြီးတော့မှလာပြီးတော့ပူးပေါင်းရှင်းလင်းဆောင်ရွက်ပေးထားပါတယ်၊ ထို့အတူ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက်ကြောင့်မို့ အခမဲ့ပစ္စည်းတွေကို ကျောင်းအပ်လာတဲ့ ကလေးလက်ထဲကို တစ်ခါတည်းထည့်နိုင်အောင် ပြင်ဆင်ထားပါတယ်။ မနှစ်ကထက် စာရင်ကျောင်းသားဦးရေများတာတွေ့ရပြီး မိဘတွေအနေနဲ့လည်း ကိုယ့်ရဲ့သားသမီးတွေကို ပညာရေးကို ပို့ပြီးတော့မှ အားပေးလာတယ်လို့ ကျွန်မမြင်မိပါတယ်"ဟုပြောသည်။

"ဒီနေ့ကျောင်းစတက်တဲ့အချိန်မှာ အရမ်းပျော်ဖို့ကောင်းပါတယ်။ ကျောင်းစတက်လို့ စာသင်ခန်းထဲကိုဝင်တာနဲ့ သူငယ်ချင်းအသစ်တွေနဲ့လည်းတွေ့ရတယ်။ အရင်သူငယ်ချင်းအဟောင်းတွေလည်း ပြန်တွေ့ရတော့ တော်တော်ကိုပျော်ပါတယ်။ ဒီပညာရေးအနေနဲ့ သမီးတို့ရဲ့ ဘဝတက်လမ်းတွေကို အများကြီးဖော်ဆောင်ပြီးတော့ သမီးတို့ရဲ့ ဘဝရည်မှန်းချက်တွေကို မြင့်မားအောင် ပြုလုပ်ပေးနိုင်မယ်လို့ ထင်ပါတယ်။ သမီးတို့ကျောင်းကနေ QUALITY ပြည့်မီတဲ့ ဖတ်စာအုပ်အသစ်တွေနဲ့ ကျောင်းသုံးစာအုပ်တွေ၊ ဘောပင်တွေနဲ့ ခဲတံတွေကိုလည်း ထောက်ပံ့ပေးပါတယ်။ အခုလိုထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"ဟုပြောသည်။

"ကျောင်းစတက်တဲ့နေ့ကတည်းက သူငယ်ချင်းတွေ အများကြီးတွေ့တယ်။ သူငယ်ချင်းအဟောင်းတွေလည်း ပြန်တွေ့ပြီးတော့ စာတွေဘယ်လိုကျက်ကြလဲ ပြောရင်း အရမ်းကို စိတ်လှုပ်ရှားဖို့ကောင်းပါတယ်။ ကျောင်းကနေပြီးတော့ ပုံနှိပ်စာအုပ်တွေ အပြည့်အစုံနဲ့ ခဲတံတွေ၊ ဘောပင်တွေ၊ နောက်တစ်ခါရေးစာအုပ်တွေကို အပြည့်အဝထောက်ပံ့ပေးထားပါတယ်။ အနာဂတ်မှာ G–12 ကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ပြီးတော့ ရေကြောင်းတက္ကသိုလ်တက်ချင်ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

(၁၀၀)

# ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဇေယျာသီရိမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဥတ္တရသီရိမြို့နယ်အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ကိုလည်းကောင်း ရောက်ရှိကြပြီးကျောင်းသားကျောင်းသူများအေးချမ်းစွာပညာသင်ကြားနေမှုများနှင့်ကျောင်းဆောင်သစ်တည်ဆောက်မည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ နှစ်(၂၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ နှစ်(၂၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်း၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက်ဆရာတော်ထံမှ သာဓုအနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ကြွရောက်လာကြသည့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ထပ်ဆင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက နှစ်ပတ်လည်နေ့အထိမ်းအမှတ်အမှာစကားပြောကြားပြီး ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိခဲ့သည့် အရာထမ်း၊ အမှုထမ်း ၁၂ ဦး၊ လူမှုထူးချွန်ဆုတံဆိပ်ရရှိခဲ့သည့် အရာထမ်း၊ အမှုထမ်း နှစ်ဦးနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ခြောက်ဦးတို့အား ထပ်ဆင့်ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးတို့သည် ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)ရှိ National Wood သစ်အချောထည်စက်ရုံသို့ရောက်ရှိကာ စက်ရုံအတွင်းသစ်အချောထည်များထုတ်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွာသာကြီး သစ်တောပျိုးဥယျာဉ်သို့ရောက်ရှိရာ ပျိုးဥယျာဉ်တာဝန်ရှိသူက ပျိုးပင်များပျိုးထောင်ထားရှိမှုအခြေအနေကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပွဲများအတွက် လိုအပ်သောပျိုးပင်များဖြန့်ဝေပေးနိုင်ရန်နှင့် ပျိုးပင်များဖြန့်ဝေရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်သန်နိုင်အောင် လိုအပ်သည့်နည်းစနစ်များကူညီပေးသွားရန်၊ အခြားဒေသများမှ ပျိုးပင်လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန်အတွက် အရန်ပျိုးပင်များ ပျိုးထောင်ထားရှိရေးမှာကြားပြီး ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင် ထိန်းသိမ်းထားမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ဖျာပုံမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်

**ဖျာပုံ ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေး၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရန်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်မှုတွင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရည်ရွယ်၍ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၂/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦးက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ ဖျာပုံမြို့စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများမှ သင်တန်းသား ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၁ ရက်မှ ၅ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**နေကိုထိုက်**

၁-၆-၂၀၂၆

## ထူးခြားသည့် နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| တံတားဦး | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်း မိုးလေဝသ) | | | | |
| မြင်းမူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တပ်ကုန်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နေပြည်တော် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (ဇေယျာသီရိမြို့နယ်) | | | | |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ပဲခူးမြို့၌ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသဆောင်ရွက်ပေး



ပဲခူး ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ မေလ ၃၁ ရက် နံနက်ပိုင်းတွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးလျက်ရှိသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့နှင့်အတူ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့အထွေထွေ ရောဂါကုပြည်သူ့ဆေးရုံကြီး၊ အောင်သုခ ဆေးကုသဆောင်၌ ခွဲစိတ်ကုသမှုခံယူကြသည့် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး အာဟာရမုန့်နှင့်ကြက်ဥများ၊ ပံ့ပိုးငွေများကိုပေးအပ်သည်။ ယင်းနောက် ခွဲစိတ်ကုသမှုပြုလုပ်ပေးသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လက်ဆောင်ပစ္စည်းများပေးအပ်သည်။

အဆိုပါ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့်ပြုပြင်မှုဆိုင်ရာ ခွဲစိတ်ကုသဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာလှမျိုးနိုင်ဦးဆောင်၍ မျက်နှာ၊ မေးရိုး၊ ခံတွင်းခွဲစိတ်ဌာနမှ ဆေးလက်တွေ့ ပါရဂူဘွဲ့လွန်သင်တန်းသားများပါဝင်သည့်အဖွဲ့က မေလ ၃၀ ရက်မှ ၃၁ ရက်ထိ မွေးရာပါနှုတ်ခမ်းကွဲ လူနာ ၁၈ ဦးနှင့် အာခေါင်ကွဲလူနာ ၁၃ ဦး စုစုပေါင်း လူနာ ၃၁ ဦးတို့အား ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ (၄၁၀)

# ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ညောင်ရွှေ ဇွန် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ မြို့မရန်ကုန်ဘုန်းတော်ကြီးကျောင်း၌ မေလ ၃၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ (၈၆)ကြိမ်မြောက် စာမေးပွဲတော်ကြီးနှင့် (၈၉)ကြိမ်မြောက် အာဂုံစာပြန်ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး သံဃသြဝါဒခံဗဟိုဦးစီးအဖွဲ့နှင့် လုပ်ငန်းကော်မတီများညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ စာပွဲတော်နာယက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအသီးသီးမှ သက်ဆိုင်ရာကော်မတီအလိုက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ကြိုတင်ဆောင်ရွက်မည့်လုပ်ငန်းများ၊ လုပ်ငန်းလိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြသည်။

ထို့နောက်ဌာနဆိုင်ရာများက အကြံပြုဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် သံဃသြဝါဒခံဗဟိုဦးစီးအဖွဲ့မှ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစာပွဲတော်ကြီးကို ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၄ ရက်ထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

# ပွင့်ဖြူမြို့နယ်၌ ပဲတီစိမ်း ၆၁၉၁ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇွန် ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းသီးနှံ ၆၁၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင်ပွင့်ဖြူမြို့နယ်၌ ပဲတီစိမ်း ၆၇၇၁ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါပဲတီစိမ်းစိုက်ပျိုးခြင်းကို ယခုနှစ်မေလမှ စတင်၍ စိုက်ပျိုးရာ ယနေ့ထိ ၆၁၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင်ပွင့်ဖြူမြို့နယ်မှာ ပဲတီစိမ်းသီးနှံ ၆၇၇၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ပဲတီစိမ်းကို ယခုနှစ်မေလကစပြီး စိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၆၁၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံက ဈေးကွက်ရှိတဲ့သီးနှံဖြစ်လို့တောင်သူတွေက မိုးရာသီနဲ့ဆောင်းရာသီမှာ အားထားစိုက်ပျိုးကြပါတယ်။ ပဲတီစိမ်းသီးနှံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်တွေရွေးချယ်စိုက်ပျိုးကြဖို့၊ သဘာဝမြေဩဇာနဲ့ပိုးသတ်ဆေးတွေကို ပြုလုပ်သုံးစွဲကြဖို့ အသိပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံပဲတီစိမ်း စိုက်ပျိုးတောင်သူများကို တစ်ဧကပန်းတိုင် အထွက်နှုန်းများရရှိရေး၊ စိုက်ဧကများတိုးချဲ့စိုက်ပျိုးရေး၊ အရည်အသွေးကောင်းသီးနှံများရရှိစေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိအောင်၊ စိုက်နည်းစနစ်များမှန်ကန်အောင်၊ ပိုးမွှားကျရောက်မှုမရှိအောင် စသည့်စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပဲတီစိမ်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကိုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



## ရွှေခရီးမှာ ရွှေသီးပြီ

❖ ကမ္ဘာမှာ
မြန်မာနှင့်အိန္ဒိယ။
နှစ်နိုင်ငံ အိမ်နီးချင်းမို့
ဆွေရင်းပီသ။
❖ တို့နိုင်ငံ သမ္မတရဲ့
အိန္ဒိယ ခရီးစဉ်။
နှစ်နိုင်ငံ လက်ပွန်းတတီးနဲ့
ရင်းနှီးကျွမ်းဝင်။
ဝေစည်ဖြိုးအောင်လို့
ရေရှည်အကျိုး မြော်မြင်
အတူယှဉ် ဆွေးနွေး။
ရွှေလမ်းဖော် ရွှေလမ်းခရီး
ရွှေသီးဖို့လေး။
❖ မြန်မာနှင့်အိန္ဒိယ
တွဲလက်က မြဲမြံ။
နှစ်နိုင်ငံ ရှင်ကြည်မြူးလို့
ကူးလူးဆက်ဆံ။
တစ်နိုင်ငံနှင့်တစ်နိုင်ငံ
အပြန်အလှန် မြတ်နိုး။
"သူ့နိုင်ငံ သူ့အရေးကိုလည်း
ကိုယ့်နိုင်ငံ ကိုယ့်အရေးရယ်သို့"
"ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း
သူ့နိုင်ငံ သူ့အရေးရယ်သို့"
အပြေးလာ ကူညီပေးတဲ့
သွေးသားဆွေမျိုး။
❖ မြန်မာနှင့်အိန္ဒိယ
ချစ်ကြည်ကြ ရင်းနှီးကာ။
နှစ်နိုင်ငံ အရှည်ခံ့လို့
တည်တံ့ထည်ဝါ။
အိမ်နီးချင်းကောင်း မိတ်ဆွေပါ
စိတ်စေတနာ ဖြူစင်ဖွေး။
"သူ့အကျိုး ကိုယ်ဆောင်လို့
ကိုယ့်အကျိုး သူဆောင်လို့"
အောင်မြင်ရာ အောင်မြင်ကြောင်းကိုလ
နောင်အရှည် အစဉ်ကောင်းအောင်
ပူးပေါင်းဆောင်ပေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# "အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် ကျွန်မတို့မိဘတွေမှာလည်း ကျောင်းသားတစ်ယောက်ရဲ့ တစ်နှစ်စာဝန်ထုပ်ဝန်ပိုးကိုလျှော့ချနိုင်တဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်"

**၂၀၂၆ – ၂၀၂၇ ပညာသင်နှစ်ကို မြန်မာနိုင်ငံတစ်ဝန်းရှိကျောင်းများအားလုံး ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်ရာ နေပြည်တော်ရှိ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားမိဘ၊ ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်–**

**ဒေါ်အေးထက်နိုင် (ကျောင်းသားမိဘ)**



ရွာတော်ကလာပြီး ကျောင်းလာအပ်နှံတာဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းအပ်နှံရာမှာ အဆင်ပြေပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်မတို့သားသမီးတွေအတွက် ကျောင်းသုံးပုံနှိပ်၊ ကျောင်းသုံးဗလာစာအုပ်စတဲ့စာရေးကိရိယာတွေနဲ့ ကျောင်းဝတ်စုံတွေရရှိပါတယ်။ ကျွန်မရဲ့သမီးဖြစ်သူက KG တန်းဖြစ်တဲ့အတွက် အစုံရရှိတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် ကျွန်မတို့မိဘတွေမှာလည်း ကျောင်းသားတစ်ယောက်ရဲ့ တစ်နှစ်စာဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်တဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ အပြင်မှာဆို ဗလာစာအုပ်တစ်အုပ်က တန်ဖိုးကမြင့်တဲ့အတွက်ကြောင့်မို့ ကျွန်မတို့လက်လုပ်လက်စားမိဘတွေအတွက်မှာလည်း မလွယ်ကူပါဘူး။ အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက်ကြောင့် အခြားမည်သည့်အခကြေးငွေမှ ပေးသွင်းရန်မလိုတဲ့အတွက် ကျောင်းသားမိဘများအနေနဲ့ နိုင်ငံတော်အစိုးရအား ကျေးဇူးအထူးတင်ရှိပါတယ်။

**မောင်ညီညီထွန်း (Grade–12) ကျောင်းသား**



(Grade–12)အတန်းမှာ တက်ရောက်ပညာသင်ယူနေတဲ့ မောင်ညီညီထွန်းဖြစ်ပါတယ်။ (Grade–12)အတန်းက စာတွေအတော်ကျက်မှတ်ရတဲ့အတန်းလို့ပြောတဲ့အတွက် ကျွန်တော်အလွန်ပဲစိတ်လှုပ်ရှားမိပါတယ်။ ဘဝအတွက် အဆုံးအဖြတ်ပေးတဲ့အတန်းလည်းဖြစ်တဲ့အတွက် ကျွန်တော်ကြိုးစားရမှာဖြစ်တယ်၊ ဆရာ၊ ဆရာမအသစ်တွေနဲ့ သင်ခန်းစာအသစ်တွေကိုလည်း သင်ယူရမှာဖြစ်တယ်။ ကျွန်တော့်ရဲ့ အစ်ကိုအစ်မတွေရဲ့ကြိုးစားမှုကို စံနမူနာယူပြီး လေ့လာသင်ယူကြိုးစားသွားမှာဖြစ်တယ်။ ကျွန်တော့်ရဲ့ရည်မှန်းချက်က အမှတ်ကောင်းကောင်းနဲ့အောင်မြင်ပြီး ရေကြောင်းတက္ကသိုလ်ကို တက်ချင်ပါတယ်။ တက်ရောက်နိုင်အောင်လို့လည်း ဝီရိယထားပြီး ကြိုးစားသွားမယ်။ နိုင်ငံတော်အစိုးရက ကျောင်းသား၊ ကျောင်းသူတွေကို သင်ရိုးညွှန်းတမ်းစာအုပ်၊ စာရေးကိရိယာတွေနဲ့ ကျောင်းဝတ်စုံတွေကို ထောက်ပံ့ပေးထားပါတယ်။ ဒီလိုထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**မမေဖူးစံ (Grade–11) ကျောင်းသူ**



ကျွန်မကတော့ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (Grade–11) မှာ ပညာသင်ယူနေတဲ့ ကျောင်းသူတစ်ဦးဖြစ်ပါတယ်။ ကျွန်မ ကျောင်းစတက်တဲ့နေ့မှာ သူငယ်ချင်းတွေနဲ့ပြန်လည်ဆုံတွေ့ရတဲ့အတွက် အများကြီးပျော်ရွှင်ဝမ်းသာမိပါတယ်။ နောက်ပြီး သူငယ်ချင်းအသစ်တွေလည်း တွေ့ဆုံရပါတယ်။ အတန်းသစ်မှာ ဆရာ၊ ဆရာမအသစ်၊ သူငယ်ချင်းအသစ်တွေ၊ သင်ခန်းစာအသစ်တွေနဲ့ဆိုတော့ ပိုပြီးစိတ်လှုပ်ရှားမိပါတယ်။ အတန်းကြီးလာတော့ သင်ခန်းစာတွေလည်း များလာပြီဖြစ်တဲ့အတွက် ပိုကြိုးစားရမှာဖြစ်တယ်။ ကျွန်မက ဆေးကျောင်းတက်ဖို့ ရည်မှန်းထားတဲ့အတွက် ဆက်လက်ကြိုးစားသွားပါမယ် ။ ။

**နိုင်ထွန်း၊ လဲ့ရည်လှိုင်**

## လှိုင်ကော်မြို့၌ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲကျင်းပ

လှိုင်ကော် ဇွန် ၁

ကယားပြည်နယ် လှိုင်ကော်မြို့ အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) စုပေါင်းခန်းမ၌ အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်) ၏ ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ်အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲကို ဇွန်လ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ပြည်နယ်အတွင်းရှိ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ပေးပြီး သွေးသစ်အားကစားသမားများပေါ်ထွက်လာစေရန် အဆင့်မီအားကစားကွင်း၊ အားကစားရုံများတွင် စနစ်တကျလေ့ကျင့်ပြီး ပြိုင်ပွဲတိုင်းတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းတွင် ရွေးချယ်ထားသည့် သင်တန်းသား ၅၇ ဦး၊ သင်တန်းသူ ၃၂ ဦး စုစုပေါင်း ၈၉ ဦးကို ပြေးခုန်ပစ်၊ ဘောလုံး၊ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း စသည့်အားကစားနည်းခြောက်မျိုးကို လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများ စားသောက်ရေးအတွက် ဆန် ၂၉ အိတ်၊ ဆီ ၇၃ ပိဿာနှင့် ပံ့ပိုးငွေပေးအပ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)၌ ပညာသင်ကြားနေသည့်ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပံ့ပိုးပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အားကစားပစ္စည်းများအား ကြည့်ရှုစစ်ဆေးပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။ (၄၀၅)

## လားရှိုးမြို့၌ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ



လားရှိုး ဇွန် ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်းရှိ လေ့ကျင့်ရေးအားကစားခန်းမ၌ ၂၀၂၆ ခုနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဘတ်စကက်ဘော ဆပ်ကော်မတီဖလား အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မေလ ၃၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားရာတွင် ယနေ့လူငယ်များသည် နိုင်ငံတော်၏အနာဂတ်အင်အားများဖြစ်သည့်အတွက် အားကစားကဏ္ဍတွင် ထူးချွန်ထက်မြက်သောလူငယ်များ ပိုမိုပေါ်ထွန်းလာခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ဂုဏ်သိက္ခာမြင့်မားရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသမားများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပထမဦးဆုံး ယှဉ်ပြိုင်ကစားသည့် Huo Jain အသင်းနှင့် Nu Feng အသင်းတို့ ယှဉ်ပြိုင်ကစားနေမှု အခြေအနေများအား ကြည့်ရှုအားပေးသည်။

အဆိုပါ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဘတ်စကက်ဘော ဆပ်ကော်မတီဖလား အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲအား မေလ ၃၁ ရက်မှ ဇွန်လ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသားအသင်း ၂၄ သင်းနှင့် အမျိုးသမီးအသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)၊ (၄၀၄)**

## ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်း အခမ်းအနားကျင်းပ

မန္တလေး ဇွန် ၁

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု မန္တလေးမှ ကြီးမှူးကျင်းပသော ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းကို မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးစိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ပြောကြားပြီး မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲတွဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဦးအောင်ဖော်မြင့်က ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းနည်းပြသုံးဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၂)

# "နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့"

သက်လွင်(PPIB)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မေလ ၃၁ ရက်က မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲကိုဆောင်ရွက်ပြီး အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်နိုင်ဖို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အလေးအနက်ထားဖိတ်ကြားခဲ့မှုတွေနဲ့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ဆောင်ရွက်ရာမှာ အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့မှုတွေကြောင့် မကြာမီအနာဂတ်ကာလမှာ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ကောင်းမွန်လာမယ်လို့ မိမိတို့အနေနဲ့ ယုံကြည် . . .**

**❖ ဒီလို ရင်းနှီးမြှုပ်နှံမှုတွေတိုးတက်လာမှုကတစ်ဆင့် မိမိတို့နိုင်ငံအတွင်း ကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်လာစေမှာဖြစ်ပြီး နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မှာဖြစ် . . .**

**ယမန်နေ့မှအဆက်**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းတွေဟာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေပါဝင်ပါတယ်။ ဒီလိုပြည်တွင်းကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ရာမှာ ပြည်တွင်းကနေထွက်ရှိတဲ့ ကုန်ကြမ်းပစ္စည်းတွေကနေ ကုန်ချောအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းနဲ့ ပြည်ပက ကုန်ကြမ်းတွေကို မှာယူတင်သွင်းပြီး ထုတ်ကုန်ထုတ်လုပ်ခြင်းဆိုပြီး နှစ်မျိုးရှိပါတယ်။ မိမိတို့နိုင်ငံနယ်နိမိတ်အတွင်းက ထွက်ရှိတဲ့ ကုန်ကြမ်းပစ္စည်းတွေကနေ ကုန်ချောထုတ်လုပ်နိုင်ခြင်းက အလုပ်အကိုင်အခွင့်အလမ်းနဲ့ နိုင်ငံအတွက် အကျိုးအမြတ်ပိုမိုဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ တိုးတက်စေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ တိုးတက်လာအောင် စဉ်ဆက်မပြတ်အားပေးလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒီလိုအားပေးတဲ့အခါမှာလည်း မိမိတို့နိုင်ငံရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကိုအခြေခံတဲ့ ကုန်ထုတ်လုပ်ငန်းဖြစ်စေဖို့ ပိုမိုအားပေးဆောင်ရွက်လျက်ရှိတာကိုတွေ့ရပါတယ်။

နိုင်ငံအတွင်းကထွက်ရှိတဲ့ ကုန်ကြမ်းတွေကိုအခြေခံတဲ့ ထုတ်ကုန်ပစ္စည်းတွေ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပနိုင်ငံတွေကို တင်ပို့နိုင်ဖို့အတွက် ကုန်ထုတ်လုပ်မှုနည်းပညာတွေနဲ့ ရင်းနှီးမြှုပ်နှံမှုများလိုအပ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ပြည်ပနိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာဖို့ လိုအပ်ပါတယ်။ ဒီလိုဝင်ရောက်လာနိုင်ဖို့အတွက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီရဲ့ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာရောက်ရှိနေတဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ မေလ ၃၁ ရက်နေ့မှာ Taj Mahal ဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို တက်ရောက်ပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွေတိုးတက်စေဖို့ အိန္ဒိယနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နာယကနဲ့ အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်၊ အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (CII)မှ Senior Advisor တို့ အပါအဝင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ စုံလင်စွာတက်ရောက်ခဲ့ပြီး နှစ်ဖက်အပြန်အလှန်ဆွေးနွေးမှုတွေကို လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။

နှစ်နိုင်ငံဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အဖွင့်အမှာစကားပြောကြားရာမှာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံအနေနဲ့ ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ရိုးရာယဉ်ကျေးမှုချင်း ဆက်နွှယ်ကာ ခိုင်မာသည့်သမိုင်းဝင် ချစ်ကြည်မှု အခြေခံကောင်းများရှိကြသည့် "အိမ်နီးချင်းကောင်းနိုင်ငံ" များဖြစ်မှု၊ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓမြတ်စွာပွင့်ထွန်းရာ မြေမြတ်မဟာဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဆိုပါဗုဒ္ဓတရားတော်များနှင့် ယဉ်ကျေးမှုတို့ကို ယနေ့တိုင်အလေးအနက်တန်ဖိုးထားလိုက်နာထိန်းသိမ်းထားသည့် နိုင်ငံဖြစ်မှု၊ ထိုသို့ ဓမ္မကြောင်းအရ၊ သမိုင်းကြောင်းအရ ဆက်နွှယ်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုတို့သည် မိမိတို့နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်မှုနှင့် သံတမန်ဆက်ဆံရေးသည် စိန်ရတုမှတ်တိုင်ကို အတူဖြတ်ကျော်ခဲ့ပြီး ၇၈ နှစ်တာကာလသို့ရောက်ရှိလာမှု၊ နှစ်နိုင်ငံအနေဖြင့် ရှေးယခင်ကတည်းက ကူးလူးဆက်ဆံမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများစွာရှိပြီး ယနေ့ထက်တိုင် အေးအတူပူအမျှ အတူတကွနေထိုင်လုပ်ကိုင်လျက်ရှိမှု၊ ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့နှင့်ထိတွေ့ဆက်ဆံသည့်မူဝါဒ (Act East Policy)နှင့် (Neighbourhood First Policy) တို့ကို ပိုမိုမြဲမြံခိုင်မာစေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန်လာရောက်ခဲ့မှုနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် အစိုးရသစ်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်မှု၊ ဒီမိုကရေစီနိုင်ငံအဖြစ် ခိုင်မာအားကောင်းစေရေး မိမိအနေဖြင့် ဆောင်ရွက်နေမှု၊ အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိမှုတွေကို ဦးစွာပြောကြားခဲ့ပါတယ်။

အဲ့ဒီနောက်မှာတော့ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်မှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေတွေ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အားကောင်းလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်မှု၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ နည်းပညာနဲ့ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွေမှာ အိန္ဒိယလုပ်ငန်းရှင်များ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ဖို့ အထူးဖိတ်ခေါ်တာတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက အဖွင့်အမှာစကားပြောကြားပြီးတဲ့ အချိန်မှာတော့ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့်စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်နဲ့ အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (CII) မှ Senior Advisor ဖြစ်သူတို့က ဆွေးနွေးပြောကြားရာမှာ ယခုကဲ့သို့ မြန်မာနိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ ကုန်သည်ကြီးများအသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုနီးကပ်စွာပူးပေါင်းပါဝင်လာနိုင်ခြင်းသည် နှစ်နိုင်ငံအကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် Business-to-Business Engagement များ တိုးတက်လာစေရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိမှု၊ နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ကုန်သွယ်ရေး၊ ချိတ်ဆက်မှု၊ အခြေခံအဆောက်အအုံ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှု၊ စွမ်းရည်မြှင့်တင်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့လာနိုင်မှု၊ နှစ်နိုင်ငံသည် လွန်စွာအလားအလာကောင်းသောကဏ္ဍများတွင်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးကို တိုးမြှင့်စွမ်းဆောင်ရန်အကောင်းဆုံးအနေအထားတွင်ရှိမှုနဲ့ မြန်မာနိုင်ငံမှ ထွက်ရှိသည့်

**စာမျက်နှာ ၁၂ သို့ ➲**

➲ စာမျက်နှာ ၁၁ မှအဆက်

ပဲမျိုးစုံအား ယခုထက်ပိုမိုတိုးတက် ထုတ်လုပ်၍အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်မှု အခြေအနေတွေကို စိတ်ပါဝင်စားစွာနဲ့ အချိန်ယူဆွေးနွေးပြောကြားခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ အိန္ဒိယနိုင်ငံစီးပွား ရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက် နိုင်ဖို့အတွက် နှစ်ဖက်အစိုးရက အားပေး ထောက်ပံ့ပေးစေလိုမှုတွေ၊ ကုန်သွယ်မှုများ ပိုမိုမြန်ဆန်စေရေးအတွက် ငွေကြေး လွှဲပြောင်းမှုဆိုင်ရာလုပ်ငန်းတွေကို အဆင် ပြေချောမွေ့အောင်ဆောင်ရွက်ပေးစေလိုမှု တွေ၊ စိုက်ပျိုးရေးကဏ္ဍ၊ IT နည်းပညာ ကဏ္ဍနဲ့ အခြားကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံ မှုကဏ္ဍတွေ တိုးတက်လာစေရေး ပူးပေါင်း ဆောင်ရွက်နိုင်မှုအခြေအနေများနဲ့ပတ်သက် ပြီး အသီးသီးမေးမြန်းဆွေးနွေးခဲ့ကြပါ တယ်။

ဒီလိုဆွေးနွေးမှုတွေအပေါ်မှာလည်း နိုင်ငံတော်သမ္မတကြီးနှင့်အတူ ခရီးစဉ်မှာ လိုက်ပါလာတဲ့ ပြည်ထောင်စုဝန်ကြီးများ နှင့်ဒုတိယဝန်ကြီးများက ပြည့်ပြည့်စုံစုံနဲ့ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပါတယ်။

အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင် များ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော် သမ္မတကြီးကလည်း ပြန်လည်ဆွေးနွေး ပြောကြားရာမှာ ယခုကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် အိန္ဒိယ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်း များတွင် မိမိတို့အနေဖြင့် အာမခံနိုင်သည့် လုပ်ငန်းများကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှတစ်ဆင့် အခြားအိမ်နီးချင်း နိုင်ငံများသို့ ပြန်လည်ရောင်းချနိုင်သည့် ဈေးကွက်လည်းရှိကြောင်း၊ ထားဝယ် ရေနက်စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှု လုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက် နိုင်ကြောင်း၊ IT လုပ်ငန်းဖွံ့ဖြိုးတိုးတက် စေရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အနီးတွင် ဆောင်ရွက် လျက်ရှိသည့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းတွင် အိန္ဒိယနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလိုပါက ဖိတ်ခေါ် ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဒီလို မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကို ဆောင် ရွက်ပြီး အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်နိုင်ဖို့ နိုင်ငံ တော်အကြီးအကဲကိုယ်တိုင်အလေးအနက် ထားဖိတ်ကြားခဲ့မှုတွေနဲ့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ဆောင် ရွက်ရာမှာ အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့မှုတွေ ကြောင့်မကြာမီအနာဂတ်ကာလမှာ မိမိတို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ရင်းနှီး မြှုပ်နှံမှုတွေ တိုးတက်ကောင်းမွန်လာမယ် လို့ မိမိတို့အနေနဲ့ယုံကြည်ပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံမှုတွေတိုးတက်လာမှုက တစ်ဆင့် မိမိတို့နိုင်ငံအတွင်း ကုန်ထုတ် လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက် ကောင်းမွန်လာစေမှာဖြစ်ပြီး နိုင်ငံရဲ့ဖွံ့ဖြိုး တိုးတက်ရေးကို များစွာအထောက်အကူပြု စေနိုင်မှာဖြစ်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မေလ ၃၁ ရက်ကNETRA (NTPC Energy Technology Research Alliance) ၌ အဆင့်မြင့်သိပ္ပံနည်းကျစွမ်းအင်အမျိုးမျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပုံစံငယ်များအားကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်သမ္မတကြီးဟာ တွေ့ဆုံ ဆွေးနွေးပွဲအပြီးမှာ Greater Noida မြို့မှာ ရှိတဲ့ NETRA (NTPC Energy Technology Research Alliance)သို့ သွားရောက်လေ့လာ ကြပါတယ်။ NTPC ကုမ္ပဏီရှိတဲ့ Greater Noida မြို့ကို ရောက်ရှိဖို့အတွက် နိုင်ငံတော် သမ္မတကြီးဦးဆောင်တဲ့ မြန်မာကိုယ်စား လှယ်အဖွဲ့ဟာ နယူးဒေလီမြို့ကနေ မော်တော်ယာဉ်များနဲ့ တစ်နာရီခန့်သွား ရောက်ခဲ့ကြရပြီး ကုမ္ပဏီသို့ရောက်ရှိချိန် မှာတော့ ကုမ္ပဏီအကြီးအကဲက လှိုက်လှဲ နွေးထွေးစွာဖြင့် ခရီးဦးကြိုဆိုခဲ့ကြပါတယ်။

အဲ့ဒီနောက်မှာတော့ နိုင်ငံတော် သမ္မတနှင့် အဖွဲ့ဝင်တွေကို ကုမ္ပဏီက တာဝန်ရှိသူတွေက ကုမ္ပဏီရဲ့ လုပ်ငန်း ဆောင်ရွက်နေမှုများနဲ့ အဆင့်မြင့်သိပ္ပံ နည်းကျစွမ်းအင် အမျိုးမျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး စက်ရုံပုံစံ ငယ်များကို ကုမ္ပဏီမှ တာဝန်ရှိသူတွေက ရှင်းလင်းပြသခဲ့ရာ နိုင်ငံတော်သမ္မတက သိရှိလိုတာတွေကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဟာ အဲ့ဒီကုမ္ပဏီမှာ အထိမ်းအမှတ် သစ်ပင်ငယ်ကိုလည်း စိုက်ပျိုးပေးခဲ့ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်များဟာ NTPC ရှိ NET zero စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ အဆင့်ဆင့် လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံ ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများက နေရောင်ခြည်စွမ်းအင်၊ ဘက်ထရီ သိုလှောင်မှုစနစ်၊ ဟိုက်ဒရိုဂျင် အခြေခံ စွမ်းအင်ထုတ်လုပ်မှုစနစ်၊ မြူနီစီပယ်အမှိုက် စွန့်အမှိုက်များမှ ဓာတ်အားထုတ်ယူမှု များကို အဆင့်အလိုက်ရှင်းလင်းတင်ပြ ကြပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မေလ ၃၁ ရက်က NTPC ရှိ NET zero စွမ်းအင်ထုတ်လုပ်မှုအဆင့်ဆင့်လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

အဲ့ဒီ NETRA (NTPC Energy Technology Research Alliance) ဟာ အိန္ဒိယနိုင်ငံမှာ အကြီးဆုံးစွမ်းအင်ကုမ္ပဏီလုပ်ငန်းစုကြီး ဖြစ်တဲ့ NPC Limited ၏ လုပ်ငန်းခွဲတစ်ခု ဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းကို အဓိကလုပ်ဆောင်နေကြောင်း၊ NETRA ကုမ္ပဏီဟာ စွမ်းအင်ကဏ္ဍ အတွက် နောက်ဆုံးပေါ်၊ ရေရှည်တည်တံ့ ပြီး စီးပွားရေးအရတွက်ခြေကိုက်သော နည်း ပညာများတီထွင်ဖန်တီးရေးကို အလေး ထားဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့ ၏ အဓိကဦးစားပေးလုပ်ငန်းနယ်ပယ် များမှာ ထိရောက်မှုမြှင့်တင်ရေးနှင့် ကုန်ကျ စရိတ်လျှော့ချရေး၊ စွမ်းအင်သစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေထိန်းသိမ်းရေး၊ ပြာအသုံးချမှု ကာဗွန်ဖမ်းယူမှုနှင့် အသုံးပြု မှုနှင့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတို့အပါ အဝင် ပတ်ဝန်းကျင်ကာကွယ်ရေးတို့ပါဝင် ကြောင်း၊ NETRA သည် သုတေသနအပြင် ဓာတ်အားပေးစက်ရုံများနှင့် အခြားပြည်သူ့ ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေး လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း အချက်အလက်များအရ သိရှိရပါတယ်။

ဒီလိုစွမ်းအင်ထုတ်လုပ်မှုဆိုင်ရာများ နှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီကြီးတစ်ခုအား နိုင်ငံတော်သမ္မတ ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ သွားရောက်ကြည့်ရှုလေ့လာခဲ့ခြင်းဖြင့် မိမိ တို့နိုင်ငံတွင်လိုအပ်လျက်ရှိသည့် လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ အတွက် နောင်အနာဂတ်တွင် အထောက် အကူများစွာပြုနိုင်မည်ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ ပြိုင်ပွဲ)များ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင်များမှ ဝတ္ထုတို(၂၆) ပုဒ်၊ ဆောင်းပါး (၅၂)ပုဒ်၊ ကဗျာ (၄၅)ပုဒ်နှင့် ဓာတ်ပုံ (၁၁၅) ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်များ၏ **ဝတ္ထုတို** ပြိုင်ပွဲတွင် **နီလင်းနွယ်**က "နှင်းပွင့်ကြားက ရွှေရောင်အိပ်မက်များ" ခေါင်းစဉ်ဖြင့် **ပထမ၊ အင်ကြင်းသူ (မြန်မာစာ)** က "ကောင်းမြတ်တဲ့အလှူ" ခေါင်းစဉ်ဖြင့် **ဒုတိယ၊ မောင်ငြိမ်းမွန်(ချောင်းဦး)**က "ကိုယ်စိုက်တဲ့အပင်" ခေါင်းစဉ်ဖြင့် **တတိယ ၊ စုသက်မှူး (မရမ်းကုန်း)** က **နှစ်သိမ့်ဆု**၊ **ဆောင်းပါး** ပြိုင်ပွဲတွင် **ပြည့်ထူး(မင်းဘူး)**က "အောင်မြင်သော ကမ္ဘာ့အားကစားဇာတ်ခုံဆီသို့ တက်ကြွသောလူထု ကြံ့ခိုင်သောလူငယ်ဖြင့် လှမ်းချီစို့" ခေါင်းစဉ်ဖြင့် **ပထမ၊ မောင်ကျော်ဇော(ရှင်မတောင်နံ့သာမြေ)**က "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးမှသည် အားကစားကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသို့" ခေါင်းစဉ်ဖြင့် **ဒုတိယ၊ တင်ဝင်း (အား/ကာ-ငြိမ်း)**က "မြန်မာနိုင်ငံ၏အားကစားကဏ္ဍ လက်ရှိအခြေအနေအဆင့်နှင့် ပိုမို တိုးတက်အောင်မြင်လာစေရန် သုံးသပ်အကြံပြုတင်ပြချက်များ" ခေါင်းစဉ်ဖြင့် **တတိယ၊ အောင်ချမ်းမြေ့**က **နှစ်သိမ့်ဆု**၊ **ကဗျာ**ပြိုင်ပွဲတွင် **မင်းယဉ်စု**က "အားကစားဖြင့် နိုင်ငံမြှင့်လော့"ခေါင်းစဉ်ဖြင့် **ပထမ၊ မင်းသွေးနွယ်(ဇီးကုန်း)က** "အားကစားစွမ်းဖြင့် လူ့ဘောင်ကျန်းမာ ပြည်ကျိုးမြှင့် နိုင်ငံ့လူမျိုး ဂုဏ်ရောင်တင့်" ခေါင်းစဉ်ဖြင့် **ဒုတိယ ၊ အညာသားဗထူး(ကျားတက်မြေ)** က "သက်ရှည်ကျန်းမာကြံ့ခိုင်ရာ ပြုပါအားကစား" ခေါင်းစဉ်ဖြင့် **တတိယ၊ ကြည်သိန်းဇော်**က **နှစ်သိမ့်ဆု**၊ **ဓာတ်ပုံ**ပြိုင်ပွဲတွင် **အောင်ကျော်ထွန်း(ပံသုကျွီ)** က **ပထမ၊ မိုးဟိန်းထွန်း (မွန်ဆွန်း၊ ရှမ်း/တောင်)**က **ဒုတိယ ၊ မောင်ရ(ခ)စိုးလွင်-ရွှေခနေ**က **တတိယ**နှင့် **နှစ်သိမ့်ဆု(၁)၊ အောင်နိုင်ဝင်း(အား/ကာ)**က **နှစ်သိမ့်ဆု(၂)၊ ကျော်ဆန်းမြင့်**က **နှစ်သိမ့်ဆု(၃)၊ ဘိုသင်း (မန်းတက္ကသိုလ်)** က **နှစ်သိမ့်ဆု(၄)၊ မျိုးမင်းထိုက် (The Eagle)** က **နှစ်သိမ့်ဆု(၅)**တို့က အသီးသီးဆွတ်ခူးရရှိခဲ့ရာ ဆုပေးပွဲ ကျင်းပမည့်ရက်အား ဆုရရှိသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ်၊ ၀၉-၄၂၈၇၁၀၇၀၀၊ ၀၉-၂၅၀၈၄၈၅၁၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း သံဃနာယကအဖွဲ့ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်ကြီးများသို့ ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူကြမ်းစာအုပ်များလှူဒါန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ ဘုရားစေတီဂေါပကအဖွဲ့များနှင့်တွေ့ဆုံ

**ပဲခူး ဇွန် ၁**

ပုံနှိပ်ပြီးစီးသော ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာ စာမူကြမ်းစာအုပ်များကို နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးရှိသံဃာအပါး ၁၅၀ နှင့်အထက်ရှိ စာသင်တိုက်ကြီးများသို့ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ဥက္ကဋ္ဌ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေ ယျဓမ္မာဘိဝံသ ဆရာတော်ကြီးအမှူးပြုသော သံဃာတော် ၁၅ ပါး ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများရှင်းလင်း လျှောက်ထားပြီး ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာ စာစီမူကြမ်းစာအုပ်များကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး (အရှေ့)ရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများ သန့်ရှင်းသပ်ရပ် ကြည်ညိုဖွယ်ဖြစ်စေရေးအတွက် ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များကလည်း မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များအတွင်းရှိ အထင်ကရ တန်ခိုးကြီး ဘုရား၊ စေတီ၊ ပုထိုး၊ ဂေါပက အဖွဲ့များကို အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး





**နေပြည်တော် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ကောင်းမွန်သည့် အုပ်ချုပ်ရေးကိုပုံဖော်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ အလွန်အရေးပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့်အဖွဲ့အစည်းများအတွင်း ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှုနှင့် အများပြည်သူ၏ယုံကြည်မှုကို တည်ဆောက်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောပြီး သိရှိလိုသည့်အချက်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းဇော်မိုးခေါင်းဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ရှိ အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဇွန် ၁**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့တွင် စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာ ကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ အတန်းလိုက်ရေးဆွဲထားသည့် အချိန်ဇယားများအတိုင်း ပြဋ္ဌာန်းဘာသာရပ်များကို သင်ကြားလျက်ရှိကြသည်။



နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိသက်ဆိုင်ရာ ကျောင်းအသီးသီး၌တာဝန်ကျဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ တက်ရောက်မည့် စာသင်ခန်းနေရာများသို့ လမ်းညွှန်ပြသပေးခြင်းနှင့် စနစ်တကျ စာသင်ကြားနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများအနေဖြင့် စာသင်ခန်းအတွင်း၌ စာသင်ခုံများ စနစ်တကျနေရာချထားခြင်း၊ ဘာသာရပ်အလိုက် စာသင်ချိန်ဇယားများ စနစ်တကျစီမံထားခြင်း၊ ကျောင်းတက်၊ ကျောင်းဆင်း အချိန်စာရင်းများ အသိပေးကြေညာထားခြင်း၊ ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက်လည်း ကျောင်းဥပဓိရုပ် ကောင်းမွန်စေရန်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့်အသိပေးကြေညာချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များစိုက်ထူထားခြင်းနှင့် ကျောင်းကြို၊ ပို့ယာဉ်များ စီစဉ်ထားခြင်းတို့ကို စီမံဆောင်ရွက်ထားကြသည်။

ယနေ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ကျောင်းအပ်နှံရေးနေ့ဖြစ်တဲ့ မေလ ၂၅ ရက်ကနေ အခုကျောင်းစတင်ဖွင့်ရက်အထိ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၉၅၅ ဦး လက်ခံထားရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လာရောက်မအပ်နှံရသေးတဲ့ ကျောင်းသားဟောင်းတွေလည်း ရှိနေပါသေးတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်က ကျောင်းသားဦးရေအတိုင်းပဲလို့ ဆိုလို့ရပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်ရသေးတဲ့ သားသမီးတွေကို ကျောင်းအပ်နှံကြဖို့ တိုက်တွန်းချင်ပါတယ်" ဟုပြောသည်။

ဆက်လက်၍ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မေယဉ်မွန်က ကျောင်းအပ်နှံရေးနေ့ကစတင်ပြီး ဒီနေ့အထိ ကျောင်းသား၊ ကျောင်းသူ အပ်နှံဦးရေ ၁၃၅၇ ဦးရှိပြီဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ထက် ကျောင်းသား၊ ကျောင်းသူအသစ် ပိုမိုအပ်နှံလာပါတယ်။ Smart School ကျောင်းအဖြစ် အဆင့်မြှင့်တင်ထားတဲ့အတွက် ဒီနှစ်မှာ ဖူဆယ်အားကစားတစ်ကွင်း ထပ်မံတိုးချဲ့ထားပါတယ်။ ဒေသချိန်၊ စာဖတ်ချိန်၊ ဥပဒေ၊ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအချိန်တို့ အပါအဝင် တစ်နေ့ကို အချိန်ရှစ်ချိန် အချိန်ဇယားဆွဲထားပါတယ်။ ဒါကြောင့် ကျောင်းမအပ်ရသေးတဲ့ သားသမီးတွေများ ရှိသေးတယ်ဆိုရင် မိဘတွေအနေနဲ့ မိမိတို့ သားသမီးတွေ ပညာသင်ကြားခွင့်ရအောင်



ကျောင်းအပ်နှံကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟုပြောသည်။

ထို့နောက် အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက ဒီနေ့အချိန်အထိ အပ်နှံကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၅၉ ဦးရှိပြီဖြစ်ပါတယ်။ မနှစ်က ပညာသင်နှစ်နဲ့နှိုင်းယှဉ်ရင် ပိုမိုအပ်နှံလာပါတယ်။ ဒီနှစ် Grade-6 မှာ သင်ရိုးညွှန်းတမ်းအသစ်ဖြစ်တဲ့ အခြေခံစိုက်ပျိုးရေးပညာ၊ စက်မှုအတတ်ပညာ၊ အခြေခံမွေးမြူရေးပညာဆိုပြီး သင်ကြားပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ဗဟုသုတ အသိပညာတွေ ငယ်စဉ်ကတည်းက သိရှိအောင် သင်ကြားပေးခြင်းဖြစ်ပါတယ်" ဟုပြောသည်။

နိုင်ငံတော်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးထားသည့်အတွက်မည်သည့် အခကြေးငွေမှ ကောက်ခံခြင်းမရှိသည့် အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးဗလာစာအုပ်၊ ဖတ်စာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးသည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ အထက်တန်းအဆင့်တွင် ၁၇၂၀၀ ဦး၊ အလယ်တန်းအဆင့်တွင် ၆၈၆၁၈ ဦးနှင့် မူလတန်းအဆင့်တွင် ၁၁၅၀၀၆ ဦး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀၈၂၄ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**အေးအေးသန့်**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

# ပါဠိပထမပြန်စာမေးပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းထုတ်ပြန်မည်

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၈(၂၀၂၆)ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို ၁၃၈၈ ခုနှစ် နယုန်လပြည့်ကျော်(၅)ရက် (၂၀၂၆ ခုနှစ် ဇွန်လ ၄ ရက်) ကြာသပတေးနေ့ နံနက် ၆ နာရီတွင်လည်းကောင်း၊ ၁၃၈၈(၂၀၂၆)ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲအောင်စာရင်းကို ၁၃၈၈ ခုနှစ် နယုန်လပြည့်ကျော်(၆)ရက် (၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်) သောကြာနေ့ နံနက် ၆ နာရီတွင်လည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.Mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြဝတီ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် ဇွန် ၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၃၀-၅-၂၀၂၆ ရက် ည ၈ နာရီမှ ၃၁-၅-၂၀၂၆ ရက် ည ၈ နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။**

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာရော အကြမ်းဖက်အုပ်စုတွေလက်အောက်က ကလေးငယ်များ ပညာသင်ကြားခွင့်ရမည်လား"** ခေါင်းစဉ်ဖြင့် ၃-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၀-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေ၊ အကြမ်းဖက်ပစ္စည်းတွေကို အားပေးလက်ခံကူညီလုပ်ဆောင်နေသည့်အတွက် ပြည်သူတွေရင်ဆိုင်နေရတဲ့ဆိုးကျိုးများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တရားမအထူးအယူခံမှု(၅)မှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု(၂)မှုနှင့် တရားမအထူးအယူခံမှု (၃)မှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး၊ ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး၊ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၇/၂၀၂၅ (မန္တလေး)၊ ၅၆/၂၀၂၅ (ရောဝတီ)၊ ၆/၂၀၂၆(ရန်ကုန်)၊ ၇/၂၀၂၆(ကချင်)၊ ၁၅/၂၀၂၆ (ကရင်) စုစုပေါင်း တရားမအထူးအယူခံမှု(၅)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၂/၂၀၂၆(မန္တလေး)၊ ၅/၂၀၂၆(ရှမ်း)နှင့် တရားမအထူးအယူခံမှုအမှတ် ၁၂/၂၀၂၆ (ရန်ကုန်)၊ ၁/၂၀၂၆(စစ်ကိုင်း)၊ ၁၁/၂၀၂၆(စစ်ကိုင်း)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု(၂)မှုနှင့် တရားမအထူးအယူခံမှု(၃)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

မြဝတီ

# (၁-၆-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၂ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၇.၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၇,၁၂၆,၅၃၈.၅၁ | ၆,၄၅၀,၀၀၀ | ၃၆,၅၄၉,၁၇၃.၆၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၆၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၃ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၆-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၅၀ | ၄၇၂၀ | ၄၆၆၅ | ၄၅၆၅ | ၄၇၂၀ | ၄၇၃၅ | ၄၇၇၅ | ၄၆၄၀ | ၄၇၇၅ | ၅၀၇၅ | ၄၆၆၀ | ၄၈၁၀ | ၄၇၆၀ | ၄၇၁၅ | ၄၇၂၀ | ၄၉၄၀ |
| 95 Ron | ၄၆၂၀ | ၄၇၉၅ | ၄၇၄၀ | ၄၆၃၅ | ၄၇၉၅ | ၄၈၁၀ | ၄၈၅၀ | ၄၇၁၅ | ၄၈၅၀ | ၅၁၅၀ | ၄၇၃၅ | ၄၉၁၅ | ၄၈၃၅ | ၄၇၉၀ | ၄၇၉၅ | ၅၀၁၅ |
| HSD (500 ppm) | ၄၅၉၅ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၀ | ၄၇၆၀ | ၄၇၇၀ | ၄၈၁၀ | ၄၆၈၀ | - | ၅၀၉၅ | ၄၇၀၀ | ၅၁၆၀ | ၄၇၉၅ | ၄၇၅၀ | ၄၇၅၅ | ၄၉၆၅ |
| HSD (50 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | ၅၇၈၀ | ၆၀၈၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |
| HSD (10 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | | ၆၀၈၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၁၆ | ၄၄၃၆ |
| 95 Ron | ၄၃၈၇ | ၄၅၀၉ |
| HSD (500 ppm) | ၄၃၇၄ | ၄၄၉၁ |
| HSD (50 ppm) | ၅၂၈၇ | ၅၄၂၂ |
| HSD (10 ppm) | ၅၂၈၇ | ၅၄၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၃˚c |
| ရန်ကုန် | ၂၄˚c | / | ၃၄˚c |
| မန္တလေး | ၂၈˚c | / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်း ၃၃၂၆ ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၉၄၉၄၄၁ ဦး တက်ရောက်ပညာသင်ကြား



ရန်ကုန် ဇွန် ၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အခြေခံပညာကျောင်းများ ယနေ့စတင်ဖွင့်လှစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ စုစုပေါင်း ၃၃၂၆ ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၉၄၉၄၄၁ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ကျောင်းသား၊ ကျောင်းသူ ကျောင်းတက်ရောက်ပညာသင်ကြားမှု ရာခိုင်နှုန်းက ၈၀ ဒသမ ၈၃ ရာခိုင်နှုန်းရှိပါတယ်။ ကျောင်းအပ်လက်ခံမှုကို ဆက်လက်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပညာသင်ကြားမှုလျာထားချက်ဖြစ်တဲ့ ၁၁ သိန်းကို ကျော်လွန်ပြီး ၁၂ သိန်းအထိ တက်ရောက်မှုရှိမယ်လို့ ခန့်မှန်းထားပါတယ်။ တစ်ဆက်တည်း နိုင်ငံတော်က ချမှတ်ဆောင်ရွက်တဲ့ Placement Test အထူးအစီအစဉ်ကိုလည်း ဆောင်ရွက်နေတယ်။ ဒီအစီအစဉ်အရ Grade-1 ကနေ Grade - 9 အထိ ပညာရေးနဲ့ ကင်းကွာနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို သက်ဆိုင်ရာမြို့နယ်တွေမှာ ဇွန်လ ၁၅ ရက်ကစလို့ Placement Test ဖြေဆိုပြီး ကျောင်းဆက်တက်နိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးမင်းဦးက ပြောသည်။




ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကျောင်းဖွင့်ရာသီတွင် ကျောင်းအပ်နှံရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး တက်ရောက်ပညာသင်ကြားရေးတို့ကို သက်ဆိုင်ရာကျောင်းများအလိုက် တိုက်တွန်းနှိုးဆော်လျက်ရှိသည်။




"ကျွန်မတို့ကျောင်းမှာ မနက်ပိုင်းဆိုရင် G-8 ကနေ G-12 အထိ၊ နေ့လယ်ပိုင်းဆိုရင် KG တန်းကနေ G-7 အထိ သင်ကြားပေးနေပါတယ်။ ဒီနေ့ကျောင်းစတင်ဖွင့်လှစ်တဲ့နေ့မှာ ကျောင်းသား၊ ကျောင်းသူ ၂၅၅၅ ဦး တက်ရောက်တာဖြစ်တဲ့အတွက် ၉၉ ဒသမ ၃၃ ရာခိုင်နှုန်း ပညာသင်ကြားနေပါတယ်။ ပြီးခဲ့တဲ့ ပညာသင်နှစ်မှာ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူငါးဦး ပေါ်ထွက်ခဲ့ပါတယ်။ အာဆီယံနိုင်ငံအပါအဝင် တခြားနိုင်ငံတွေရဲ့ဖိတ်ခေါ်ပြိုင်ပွဲတွေမှာ ကျောင်းကထူးချွန်ကလေးတွေ ပါဝင်ဆင်နွှဲခွင့်ရတာလည်း ဆရာ၊ မိဘ ပူးပေါင်းဆောင်ရွက်မှုရဲ့ အကျိုးကျေးဇူးပါ။ ကျောင်းမှာ ကျောင်းအပ်နှံမှုတွေ ဆက်လက်လက်ခံနေပြီးတော့ Placement Test (အထူးအစီအစဉ်)ဟာ ကျောင်းနဲ့ကင်းကွာနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် အထူးအခွင့်အရေးဖြစ်တဲ့အတွက် ဖြေဆိုပြီး ပညာသင်ကြားဖို့ နှိုးဆော်လိုပါတယ်" ဟု ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမ ဒေါက်တာစန္ဒာမြင့်မိုးက ပြောသည်။

ယမန်နှစ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား၊ ကျောင်းသူ ၁၀ သိန်းကျော် တက်ရောက်ပညာသင်ကြားမှုရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

ညီမိုးသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနုး




# မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



မန္တလေး ဇွန် ၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့စတင်ဖွင့်လှစ်ရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

"ဒီနေ့ ကျောင်းစတင်ဖွင့်လှစ်တဲ့နေ့မှာ ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ သုံးထောင်ကျော် တက်ရောက်နေပါတယ်။ ကျောင်းအပ်နှံမှုကို ဇွန်လ တစ်လလုံး ဆက်လက်လက်ခံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် မိဘတွေအနေနဲ့ ကျောင်းနေအရွယ်ရင်သွေးရတနာသားသမီးတွေကို ကျောင်းအပ်နှံကြဖို့ တိုက်တွန်းလိုပါတယ်။ မိဘတွေအတွက်သာမက နိုင်ငံတော်အတွက် အရေးကြီးလှတဲ့ရင်သွေးရတနာတွေဖြစ်တဲ့အတွက် ပညာသင်ကြားလေ့လာခွင့် အခွင့်အလမ်းကို ရရှိစေချင်ပါတယ်" ဟု မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက ပြောသည်။

အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် အခမဲ့ အခြေခံပညာရေးစနစ်ကို ဖော်ဆောင်ထားသည့်အပြင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ အခမဲ့ထောက်ပံ့ပေးသည့်အစီအစဉ်ကိုလည်း ဆောင်ရွက်ထားသည်။

"ပညာကို ကလေးတိုင်းသင်ယူလေ့လာကြရမှာပါ။ ဒီလို လေ့လာပညာသင်ကြားမှ တစ်နှစ်ထက်တစ်နှစ် ပညာရည်မြင့်မားပြီး မှန်မှန်ကန်ကန်တွေးခေါ်မြော်မြင် ဆုံးဖြတ်နိုင်တဲ့စွမ်းရည်ကို ရရှိလာမှာပါ။ ဒါကြောင့် ကျောင်းနေအရွယ်ကလေးငယ်တွေအားလုံး ပညာရေးကို အလေးထားကြဖို့၊ ကြိုးစားအားထုတ်ပြီး တစ်နှစ်တစ်တန်း အောင်မြင်အောင် သင်ယူကြဖို့ တိုက်တွန်းလိုပါတယ်။ ပညာတွေလေ့လာသင်ယူပြီး တိုင်းပြည်အတွက်အားထားရတဲ့ လူကောင်းလူမွန်၊ လူရည်ချွန်တွေဖြစ်လာပါစေလို့ ဆုတောင်းပေးပါတယ်" ဟု မန္တလေးမြို့မှကျောင်းသားမိဘတစ်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများအားလုံး ရာနှုန်းပြည့်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး ကျောင်းစတင်ဖွင့်လှစ်သည့် ယနေ့တွင် ကျောင်းများအလိုက်၊ အတန်းစဉ်အလိုက် သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားပေးလျက်ရှိသည်။

"အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှာ Grade-6 ဒီနေ့ စတင်တက်ရောက်ပညာသင်ကြားပါတယ်။ ကျွန်မအနေနဲ့ Grade-6 အတန်းကို ထူးထူးချွန်ချွန်နဲ့ အောင်မြင်ချင်ပါတယ်။ ဒါကြောင့် ဆရာ၊ ဆရာမတွေရဲ့ သင်ကြားပေးမှုကို နေ့စဉ်သေချာလိုက်နာမှတ်သားပြီး ကြိုးစားသွားမှာပါ" ဟု အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း Grade-6 ကျောင်းသူတစ်ဦးကပြောသည်။

မျိုးသန့်(မန္တလေးနေ့စဉ်)

ဓာတ်ပုံ- ကိုမျိုး

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့သည် သီးခြားတွေ့ဆုံဆွေးနွေးသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်းနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrah-manyam Jaishankar၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး Dr. P.K. Mishra၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur နှင့် ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi က ပြောကြားရာတွင် အဆွေတော်ဦးဆောင်နိုင်မည်ဖြစ်ပြီး ထူးခြားသည့်ခရီးစဉ်တစ်ခုဖြစ်ကြောင်းပြောကြားသည်။


ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ယခုကဲ့သို့ အဆွေတော်နှင့် ၆ ကြိမ်မြောက် ထပ်မံတွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိ နိုင်ငံတော်သမ္မတအဖြစ်တာဝန်ထမ်းဆောင်ပြီးနောက် အဆွေတော်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ပထမဆုံးပြည်ပချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်ရသည့်အတွက် လွန်စွာအလေးထားပါကြောင်းနှင့် မိမိဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးပျူငှာစွာကြိုဆိုသည့်အတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အဆွေတော် အိန္ဒိယနိုင်ငံကိုတာဝန်ယူသည့် ၂၀၁၄ ခုနှစ်မှစပြီး ၁၂ နှစ်တာ ဝန်ကြီးချုပ်သက်တမ်းကာလအတွင်း အိန္ဒိယနိုင်ငံ၏ ကဏ္ဍအသီးသီးတွင် အဆွေတော်၏ဦးဆောင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည့် အဆွေတော်၏ စွမ်းဆောင်မှုအပေါ် ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ မိမိအနေဖြင့် အဆွေတော်နှင့်အတူ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာတေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်နေမှုကိုကြည့်ရှုအားပေးစဉ်။

သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ယခုကဲ့သို့ လက်ခံတွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်မိသည်ကို ဦးစွာပြောကြားလိုပါကြောင်း၊ မိမိနှင့်အဆွေတော်အနေဖြင့် ယခင်ကတည်းက မကြာခဏတွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ကြောင်း၊ မကြာမီက မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ပြီး အဆွေတော်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက်ပိုင်း မိမိတို့နိုင်ငံသို့ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ရွေးချယ်ပေးခဲ့မှုအပေါ်တွင်လည်း မိမိတို့အနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့ကို မိမိတို့အနေဖြင့် လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ ပြီးခဲ့တဲ့နှစ်က မြန်မာနိုင်ငံတွင် မန္တလေးမြေငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် အဆွေတော်တို့အနေဖြင့် ခက်ခဲသောအချိန်ကာလတစ်ခုကို ဖြတ်သန်းခဲ့ရသော်လည်း အဆွေတော်နှင့် မိမိတို့အကြား ကောင်းမွန်သော ထိတွေ့ဆက်ဆံမှုများနှင့် ဆွေးနွေးမှုများကိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ အဆွေတော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကိုလက်ခံတွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်၏ သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော် ဆက်လက်တာဝန်ထမ်းဆောင်မည့်ကာလများတွင်လည်း အောင်မြင်မှုများကိုရရှိပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံက လှိုက်လှဲနွေးထွေးစွာကြိုဆိုသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ ယနေ့တွင် အဆွေတော်အနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးမြို့တော် နယူးဒေလီသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ရောက်ရှိနေစဉ်ကာလအတွင်း အဆွေတော်အနေဖြင့် မိမိတို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ကောင်းကျိုးရလဒ်များရရှိအောင် ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

**→ ရှေ့ဖုံးမှအဆက်**

၃။ နိုင်ငံတော်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် ၁-၆-၂၀၂၆ ရက်တွင် တွေ့ဆုံ၍ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံ ဆက်ဆံရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လမ်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ယင်းနေ့တွင်ပင် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတ ရှရီမတီ ဒရောပါတီ မာမူနှင့် တွေ့ဆုံခဲ့သည်။ ယင်းမတိုင်မီ နိုင်ငံတော်သမ္မတအား အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာနှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ရှရီ အာဂျစ် ဒိုဗယ်တို့က သီးခြားစီလာရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြသည်။

၄။ နိုင်ငံတော်သမ္မတသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်၊ မဟာဗောဓိမြေရိပ်သာ မြန်မာဘုန်းတော်ကြီးကျောင်းနှင့် သုဇာတာကျောင်းတော်သို့ ခရီးစဉ်အစဖြစ်သည့် ၃၀-၅-၂၀၂၆ ရက်တွင် သွားရောက်၍ ဖူးမြော်ကြည်ညိုခဲ့သည်။ နှစ်နိုင်ငံအကြား ကာလရှည်ကြာတည်ရှိလျက်ရှိသည့် ကိုးကွယ်ယုံကြည်မှုနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ဆက်နွှယ်မှုများအပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို ဘာသာရေးအရ အထွတ်အမြတ်ထားရာနေရာများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များက ပိုမိုပေါ်လွင်ထင်ရှားစေခဲ့ပါသည်။

၅။ နိုင်ငံတော်သမ္မတသည် ၃၁-၅-၂၀၂၆ ရက်တွင် နယူးဒေလီမြို့၌ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (CII)တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-အိန္ဒိယ စီးပွားရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုခိုင်မာစေရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် နိုင်ငံဒါဒေသရှိ စွမ်းအင်နည်းပညာ သုတေသနမဟာမိတ်အဖွဲ့ (NETRA) အဆောက်အအုံသို့ သွားရောက်၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော စွမ်းအင်တီထွင်ထုတ်လုပ်မှု၊ စွမ်းအင်လေလွင့်မှုမရှိစေဘဲ ထိရောက်စွာအသုံးချမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အား အချိုးကျပေါင်းစပ်အသုံးပြုမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်းစနစ် ကြံ့ခိုင်မှုရှိစေရေးတို့အပါအဝင် အဆင့်မြင့်သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာကြည့်ရှုခဲ့သည်။

၆။ ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတနှင့်ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ "အိမ်နီးချင်းဦးစားပေးမူဝါဒ"၊ "အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ" နှင့် "ဒေသတွင်း ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အပြန်အလှန်အမြီသဟဲပြုလျက်ရှိသော ဘက်စုံလွှမ်းခြုံသည့်မူဝါဒ" များ ဆုံစည်းရာနေရာတွင် တည်ရှိကြောင်း ပြောကြားခဲ့သည်။ နှစ်ဖက်ဆွေးနွေးရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးအရ ဆက်ဆံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးအကူအညီများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းလာစေရန် အရေးကြီးကြောင်း အလေးအနက်ပြောကြားခဲ့ကြသည်။ နှစ်ဖက်လုံးက ဆွေးနွေးလျက်ရှိသည့် နားလည်မှုစာချွန်လွှာများ၏ အခြေအနေကို မှတ်သားထားရှိကြောင်းနှင့် အဆိုပါ နားလည်မှုစာချွန်လွှာများ အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

၇။ ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပါက ဒေသတွင်း၌ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံစည်ပင်ထွန်းကားလာစေမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။ ယင်းနှင့်စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးတို့ကို အပြီးသတ်နိုင်ရေးအတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးသည် အရေးကြီးကြောင်း နှစ်ဖက်လုံးက တူညီသောသဘောထားရှိကြသည်။

၈။ ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို လက်ရှိပေးအပ်လျက်ရှိသော ပညာသင်ဆု (၃၆) ခုမှ ပညာသင်ဆု (၁၀၀) အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က အသိပေးပြောကြားခဲ့သည်။

၉။ ရူပီး-ကျပ် ငွေပေးချေမှုစနစ်အပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပြီး အဆိုပါစနစ်အား ၂၀၂၄ ခုနှစ် မေလတွင် စတင်အသုံးပြုချိန်မှစ၍ ငွေလွှဲပြောင်းမှုပမာဏ တစိုက်မတ်မတ် တိုးတက်လာခဲ့ခြင်းအပေါ် ကျေနပ်အားရကြောင်း ဖော်ပြခဲ့ကြသည်။ မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်မှု၊ ရေနံ၊ စွမ်းအင်၊ သတ္တုတွင်းကဏ္ဍများကဲ့သို့ အပြန်အလှန် အကျိုးဖြစ်ထွန်းသည့် နယ်ပယ်များတွင် ပိုမိုနီးကပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို ထောက်ခံကြောင်း နှစ်ဖက်လုံးကဖော်ပြခဲ့ကြသည်။

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ထောက်ခံကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားခဲ့သည်။ မိမိတို့၏ အချုပ်အခြာအာဏာပိုင်နယ်မြေကို တစ်ဖက်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နစ်နာစေမည့် မလျော်ကန်သောဆောင်ရွက်မှုများကို တားဆီးကာကွယ်သွားရန် အရေးကြီးကြောင်း နှစ်ဖက်လုံးက အလေးထားပြောကြားခဲ့ကြသည်။ မြန်မာနိုင်ငံ၏နယ်မြေအား အိန္ဒိယနိုင်ငံ၏လုံခြုံရေးကို ထိခိုက်စေရန် အသုံးပြုခွင့်ပြုမည်မဟုတ်ကြောင်း နိုင်ငံတော်သမ္မတက ထပ်လောင်း ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ခိုင်မာပြီး ယုံကြည်စိတ်ချရသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန် ဆောင်ရွက်သွားရန် ကတိကဝတ်ဆက်လက်ထားရှိကြောင်း ဝန်ကြီးချုပ်က အတည်ပြုပြောကြားခဲ့သည်။

၁၁။ ဝန်ကြီးချုပ်က ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာဦးဆောင်သော ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ဝန်ကြီးချုပ်က နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကိုအခြေခံ၍ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် နိုင်ငံတော်သမ္မတက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၁၂။ နိုင်ငံတော်သမ္မတက ၂-၆-၂၀၂၆ ရက်နှင့် ၃-၆-၂၀၂၆ ရက်တို့တွင် မဟာရက်ရှ်ထရာ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံမည်ဖြစ်သကဲ့သို့ မွမ်ဘိုင်းမြို့ခရီးစဉ်အတွင်း စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်မည့် အစီအစဉ်သည် ရှိရင်းစွဲနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးအရ ချိတ်ဆက်ဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဟုယုံကြည်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၁၃။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲ၍ ချစ်ကြည်ရေးနှင့်နီးကပ်သော မိတ်ဖက်အဖြစ်ရပ်တည်မှုကိုလည်းကောင်း၊ နှစ်နိုင်ငံ အပြန်အလှန် အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန် ဘုံတူညီသော ကတိကဝတ်များထားရှိမှုကိုလည်းကောင်း ထပ်လောင်းအတည်ပြုခဲ့ခြင်းဖြစ်သည်။ အဆင့်တိုင်းတွင် နီးကပ်စွာဆက်လက်ထိတွေ့ဆောင်ရွက်သွားရန်နှစ်ဖက်လုံးက သဘောတူညီခဲ့ကြသည်။

၁၄။ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပွန်သည့်အပေါ် ဝန်ကြီးချုပ် ရှရီနာရန်ဒရာ မိုဒီအား အထူးပင်ကျေးဇူးတင်ရှိကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အား နှစ်ဖက်အဆင်ပြေမည့်ကာလတွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့သည်။

**နယူးဒေလီ**

**၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်**

ရှိရင်းစွဲ ကောင်းမွန်သောဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဆွေတော်ကို ကျေးဇူးတင်အသိအမှတ်ပြုအပ်သည်ကိုပြောကြားလိုပါကြောင်း၊ မိမိသမ္မတတာဝန်စတင်ထမ်းဆောင်မှုကျမ်းသစ္စာကျိန်ဆိုပွဲကို အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့မှုနှင့် အခမ်းအနားတက်ရောက်ရန် ကိုယ်စားလှယ်စေလွှတ်ပေးခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ချိန်တွင် အဆွေတော်တို့နိုင်ငံမှကူညီမှုများဆောင်ရွက်ပေးခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ "အိန္ဒိယနိုင်ငံသည် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်လာမည်" ဟု အဆွေတော်ပြောကြားခဲ့သကဲ့သို့ မိမိတို့အနေဖြင့် တိုးတက်လာလျက်ရှိသည့် အိန္ဒိယနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုထိန်းသိမ်းရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအတွက်လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ဆေးဝါးများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ ချည်မျှင်နှင့်အထည်အလိပ်များ တိုးမြှင့်တင်သွင်းနိုင်သည့် အခြေအနေများ၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ(AI) ကဏ္ဍနှင့် အာကာသနည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ နှိမ်နင်းရေးတို့အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် တရားမျှတပြီး သိက္ခာရှိသည့်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျအကောင်အထည်ဖော်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှု အခြေအနေများ၊ အနာဂတ်ကာလများတွင် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ဘုံအကျိုးဖြစ်ထွန်းစေမယ့် ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi ကတည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဂုဏ်ပြုနေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာတေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House) မှပြန်လည်ထွက်ခွာရာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။ **မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar H.E. U Min Aung Hlaing holds talks with Prime Minister of India H.E. Shri Narendra Modi



President U Min Aung Hlaing and Prime Minister Shri Narendra Modi hold bilateral talks.

NAY PYI TAW June 1

President of the Republic of the Union of Myanmar H.E. U Min Aung Hlaing, who is on an official visit to India at the invitation of Prime Minister of the Republic of India H.E. Shri Narendra Modi, held talks with the Indian Prime Minister at the Hyderabad House of the Office of the Prime Minister of India this morning.

On arrival at the Hyderabad House, the President was warmly welcomed by the Prime Minister. The President and the Prime Minister then posed for documentary photos.

Then they held an exclusive meeting. Also present at the meeting together with the President were union ministers, U Khin Maung Yi, U Tin Maung Swe, Dr Kan Zaw, U Min Naung and Dr. Charlie Than, and members of the Myanmar delegation. The Indian Prime Minister was accompanied by Minister of External Affairs H.E. Dr. Subrahmanyam Jaishankar, Minister at the Prime Minister's Office Dr. P.K. Mishra, National Security Advisor H.E. Mr. Ajit Doval, Ambassador of India to Myanmar H.E. Shri Abhay Thakur and officials of the Prime Minister's Office.



President U Min Aung Hlaing and Prime Minister Shri Narendra Modi pose for documentary photo.

In his opening remarks, the Indian Prime Minister expressed his pleasure in receiving the high-level Myanmar delegation led by the President. He stated, "Your Excellency, we have already held talks several times in the past." The Prime Minister expressed his sincere appreciation and recognition for the President's choice of India as his first foreign destination since being elected during Myanmar's recent elections, warmly welcoming the President and his delegation. He noted that Myanmar had passed through a difficult period last year following the 2025 Mandalay earthquake. "However, Your Excellency, we were both able to maintain positive interactions and dialogue during that challenging time," he said, adding, "It is a pleasure for me to hold talks with Your Excellency and your delegation." He then warmly congratulated the President on his election, wishing him success throughout the remainder of his term. "I would like to reiterate that India warmly welcomes Your Excellency and your delegation," he noted. He added that because the President and his delegation are currently in New Delhi, the political capital of India, they will be able to achieve fruitful results through their discussions with Indian government officials, making this a highly significant visit.

In response, President U Min Aung Hlaing stated that it was a great pleasure to hold this sixth meeting with the Prime Minister. He deeply values his visit to India, marking his first foreign goodwill trip at the invitation of the Prime Minister since assuming the presidency. The President thanked the Prime Minister for the warm and cordial welcome extended to him and his delegation. He remarked, "India has made remarkable progress across relevant sectors and has emerged as a global power during your 12 years of service as Prime Minister since 2014. I would like to commend and congratulate Your Excellency on these achievements." The President also expressed his appreciation to the Prime Minister for their joint efforts in promoting existing good relations and cooperation between Myanmar and India. Furthermore, President U Min Aung Hlaing thanked the Indian Prime Minister for sending both a congratulatory message upon his election and a delegation to attend the ceremony. He noted that there are numerous potential areas of cooperation between the two nations and their peoples, expressing gratitude for India's vital assistance when Myanmar was struck by the Mandalay earthquake in 2025. "As you have emphasized that India is poised to become a core engine of global growth, Myanmar looks forward to continuing its close cooperation with a developing India," the President concluded.

Then, they frankly exchanged views on coexistence between the two countries in a good-neighbourly manner in accordance with the five principles of peaceful coexistence, promotion of bilateral cooperation in the education, health, defence, trade, investment, economic, tourism and cultural conservation

See Page - 19►►

# Myanmar-India Joint Statement during the Official Visit of the President of Myanmar to India

## (30 May – 3 June 2026)

1. At the invitation of His Excellency Shri Narendra Modi, Prime Minister of India, His Excellency U Min Aung Hlaing, President of the Republic of the Union of Myanmar paid his first Official Visit to India from 30 May to 3 June 2026.

2. The President was accompanied by the Union Ministers for President's Office, Foreign Affairs, Finance & Revenue, Agriculture, Livestock & Irrigation, and Industry & MSME Business Development, and Governor of the Central Bank of Myanmar. A business delegation from diverse sectors including agriculture, pharmaceuticals, energy, banking, construction, IT, communications, trading and logistics, as well as members of the Myanmar-India Friendship Association, were part of the Myanmar delegation.

3. The Prime Minister of India and the President of Myanmar held talks on 1 June 2026, during which they reviewed bilateral, regional and global issues of mutual interest and charted the way forward for the relationship. The Prime Minister hosted a luncheon in honour of the visiting dignitary. President of India H.E. Smt. Droupadi Murmu received the President of Myanmar on the same day. Earlier, External Affairs Minister Dr. S. Jaishankar and National Security Adviser Shri Ajit Doval separately called on the President of Myanmar.

4. At the commencement of the visit, the President visited Bodh Gaya on 30 May 2026, where he offered prayers at Mahabodhi Temple, Mahabodhi Meditation Centre and Sujata Temple. These visits to deeply revered sites underscored the enduring spiritual and Buddhist ties, as well as the people-to-people links, between the two countries.

5. The President delivered a keynote speech at the India-Myanmar Business Conclave, jointly organised by the UMFCCI and CII, in New Delhi on 31 May 2026, where business heads from both sides discussed avenues for further strengthening and expanding bilateral trade and commercial opportunities. The President also toured the NTPC Energy Technology Research Alliance (NETRA) complex in Greater Noida to observe advanced R&D work, including in clean energy innovation, energy efficiency, renewable energy integration and grid resilience.

6. In his interaction with the President, the Prime Minister stated that Myanmar lies at the confluence of India's Neighbourhood First, Act East and MAHASAGAR (Mutual and Holistic Advancement for Security and Growth Across Regions) policies. The discussions underscored the importance of strengthening bilateral cooperation, including trade and economic ties, defence and security, border management, development assistance and cultural exchanges. Both sides noted ongoing discussions on various bilateral Agreements and Memoranda of Understanding and looked forward to their early conclusion.

7. The Prime Minister underlined that enhanced connectivity would foster mutually beneficial economic linkages and shared prosperity in the region. In this regard, both sides shared the importance of working closely towards the completion of Kaladan Multi-Modal Transit Transport project and the India-Myanmar-Thailand trilateral highway.

8. The Prime Minister conveyed that the Mekong Ganga ICCR scholarships for Myanmar students would be enhanced from 36 to 100 from 2026 onwards.

9. Both sides agreed to facilitate and enhance bilateral trade including through the Rupee-Kyat settlement mechanism, and appreciated the steady growth in the volume of transactions recorded since its operationalisation in May 2024. Both sides also expressed support for closer trade and investment cooperation in the areas of mutual interest such as agro-processing, petroleum, energy, mining sectors, in accordance with their respective national laws and regulations.

10. The Prime Minister reaffirmed India's support for the sovereignty and territorial integrity of the Republic of the Union of Myanmar. Both sides underscored the importance of preventing the misuse of sovereign territory for activities inimical to their security interests. The President reiterated Myanmar's assurance that its territory would not be permitted to be used against India's security interests. The Prime Minister affirmed that India, as a steadfast and trusted partner of Myanmar, remained committed to deepening security cooperation between the two countries.

11. The Prime Minister conveyed support for Myanmar-led efforts towards achieving peace, stability, national reconciliation and socio-economic development. He also offered continued assistance and cooperation, based on mutual respect and friendly relations between the two countries. The President appreciated India's constructive support and cooperation.

12. The Prime Minister expressed confidence that the meetings of the President with the Governor of Maharashtra and the Chief Minister, as well as his business engagements during his upcoming visit to Mumbai on 2-3 June 2026, would further strengthen existing bilateral cooperation and economic ties.

13. The official visit of President U Min Aung Hlaing reaffirmed the long-standing friendship and close partnership between Myanmar and India and the shared commitment of both countries to further strengthen cooperation for the mutual benefit of the two countries. Both sides agreed to continue close engagement at all levels.

14. President U Min Aung Hlaing expressed his sincere appreciation to Prime Minister Shri Narendra Modi for the warm hospitality extended to him and to the members of his delegation during their stay in India.The President also extended an invitation to the Prime Minister of India to visit Myanmar at mutually convenient dates.

**New Delhi**
**1 June 2026**

▸▸ **From Page - 18**

sectors, boosting imports necessary for Myanmar such as construction materials, fertilizer for agriculture, medicines, oil and petroleum products and textile, potentials for cooperation in the information technology, AI technologies and space technologies, bilateral cooperation for stability of border areas and prevention of drug trafficking and combat against online scams and gambling, Myanmar's firm steps on the path to democracy taken by the democratically elected government and the Hluttaws comprising the representatives of the people elected in accordance with the will of the people and will implement the will of the people pragmatically after holding free and fair and dignified elections and continued implementation of goals that will contribute to the common interest of the people of the two countries in the future.

Then, the high-level Myanmar delegation led by the President attended the luncheon hosted by Prime Minister of India H.E. Shri Narendra Modi.

Before and during the luncheon, a cultural troupe of India entertained the attendees with traditional music of the two countries.

After the luncheon, the President signed the guest book of the Hyderabad House.

Then, the President left the Hyderabad House, greeted by the Prime Minister of India.

**Myawady**


## Public Notice for Elimination of Violence


1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# One four-storey illegal residential building and two three-storey illegal residential buildings used for online gambling and scam operations systematically demolished in Shwe Kokko area, 24 other illegal buildings already destroyed

Destruction of illegal buildings used for unauthorized online gambling operations in the Shwe Kokko region, Myawady District, Kayin State.











Destruction of illegal buildings used for unauthorized online gambling operations in the Shwe Kokko region, Myawady District, Kayin State.




NAY PYI TAW June 1

The government, working through joint departmental teams, has been clearing the illegal buildings in the Shwe Kokko and KK Park areas where online gambling and scam operations were based to ensure that such activities do not take place. As part of this effort, confiscated items used in these operations are being systematically destroyed, and illegal buildings are being permanently demolished to prevent further online gambling and scam crimes. Today, one illegal four-storey residential building and two three-storey residential buildings in the Shwe Kokko area were additionally demolished in an orderly manner.

Of the 77 buildings used for online gambling and scam operations in the Shwe Kokko area, 57 have been designated for mechanical demolition and 20 for explosive demolition, with destruction being carried out systematically by building type.

Among the 57 buildings scheduled for mechanical demolition, one four-storey and two three-storey residential buildings were demolished today using machinery. So far, a total of 24 illegal buildings have been destroyed, and the remaining 53 illegal buildings will con tinue to be systematically demolished.

The government is actively working to combat online gambling and scam operations, which pose a threat to the international community and the world, as a national duty. In addition to domestic efforts, coordination with neighbouring governments is underway to ensure such activities cannot take root in Myanmar.

**100**

# Farmers reap 100 percent of butter bean plantation in Yinmabin District

YINMABIN June 1

Local farmers have harvested all sown acreage of butter bean in Yinmabin District of Sagaing Region, according to the regional Agriculture Department.

In Yinmabin District, during the winter cropping season, a total of 3,894 acres of butter bean were cultivated. Harvesting of these butter bean fields began in January this year, and as of today, harvesting has been completed on all 3,894 acres—859 acres in Yinmabin Township, 2,828 acres in Kani Township, and 207 acres in Pale Township. The average yield was reported at 14.40 baskets per acre.

"During the winter cropping season in Yinmabin District, butter bean was cultivated on 3,894 acres. At present, harvesting has been fully completed across all acres. Butter bean is cultivated only in the winter season. The crop has been successfully produced, and since it fetches good market prices, farmers rely on it for cultivation," said Dr Tin Mar Mar Oo, Assistant Director of the Agriculture Department in Sagaing Region.

In Yinmabin District, during this year's monsoon cropping season, local farmers not only cultivate butter bean as a main crop but some also practice intercropping to generate additional income.

This year, the Township Agriculture Departments have been assisting farmers cultivating various pulse crops by supporting yield improvement, promoting the use of high-quality and pure seeds, and providing necessary technical assistance. They have also conducted awareness activities on preventive measures against crop pests and diseases, including the preparation and use of natural pesticides, as well as timely harvesting practices. **SMK**

# Ayadaw Township completes harvest of groundnut plantations

AYADAW June 1

Local farmers harvested all sown acreage of groundnut in Ayadaw Township of Sagaing Region, according to the Monywa District Agriculture Department.

In Ayadaw Township, a total of 16,846 acres of groundnuts were cultivated during the winter cropping season. Harvesting of the groundnut fields began in January this year, and 100 percent of the cultivated acreage has now been harvested, with an average yield of 56.01 baskets per acre, according to reports.

"During the winter cropping season in Ayadaw Township, 16,846 acres of groundnuts were cultivated. At present, all of the cultivated groundnut fields have been fully harvested," said Daw San San Myint, District Staff Officer of the Department of Agriculture in Monywa District.

In Ayadaw Township, about one and a half baskets of seed are required per acre for groundnut cultivation. The total cultivation cost, including seed, labour, fertilizers, and pesticides, amounts to more than Ks-200,000 per acre, and the yield is more than 50 baskets per acre.

To ensure the successful growth of groundnut fields in Ayadaw Township and to prevent pests, diseases, and weed infestation, staff from the Township Department of Agriculture conducted field inspections and pest surveillance monitoring in the fields. **SMK**

# Chaung-U Township locals harvest 25,520 acres of winter chickpeas

CHAUNGU June 1

A total of 25,520 acres of chickpeas planted during the winter cropping season have been harvested in ChaungU Township, Monywa District, Sagaing Region, according to the Department of Agriculture for ChaungU Township.

In the township, chickpeas were cultivated on 28,647 acres during the winter season, with harvesting starting in January. To date, 25,520 acres have been harvested, with an average yield of 20.72 baskets per acre.

"Chickpea cultivation has been improving year by year. We are working with farmers to provide quality seeds, suitable crop varieties, necessary inputs, and post-harvest technologies to enhance both yield and quality," said U Tint Swe, head of the Department of Agriculture for ChaungU Township.

In ChaungU Township, locally suitable and high-yield chickpea varieties such as Ye Sin 8 and Ye Sin 11 are widely grown. The cost of cultivating chickpeas is over Ks-300,000 per acre.

Sagaing Region is the largest chickpea-growing area in the country. As chickpeas can be cultivated both as a main crop and as an intercropping option, farmers are increasingly growing them as an income-generating crop. **SK**

# President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with President of the Republic of India H.E. Smt. Droupadi Murmu

NAY PYI TAW June 1

President of the Republic of the Union of Myanmar U Min Aung Hlaing, currently in India on an official visit, held talks with President of the Republic of India H.E. Smt. Droupadi Murmu at the hall of the Presidential Residence this afternoon.

First, the Indian President cordially welcomed President U Min Aung Hlaing and held talks.

Present at the talks together with the President were union ministers, U Khin Maung Yi, U Tin Maung Swe, Dr Kan Zaw, U Min Naung and Dr. Charlie Than, members of the Myanmar delegation and the Myanmar Ambassador to India. The Indian President was accompanied by ministers of the Indian government, Indian Ambassador to Myanmar H.E. Shri Abhay Thakur and officials.

At the talks, they cordially exchanged views on the political progress in Myanmar, and full support of India for efforts of the current elected government for development of the State, plans to complete implementation of the projects between the two countries on schedules, on-going process of enhancement of bilateral trade and investment, reciprocal preservation of cultural heritages between the two countries, plans to promote tourism sector, good neighbourliness between the two countries, situation to share experiences for enhancement of the women's sector, and further promotion of friendly relations and cooperation.

President U Min Aung Hlaing signed the guests' book of the Presidential Residence.

**Myawady**

President of the Republic of the Union of Myanmar H.E. U Min Aung Hlaing shakes hands with President of India H.E. Smt. Droupadi Murmu.





President U Min Aung Hlaing signs the visitor's book.

# The National Security Advisor of India pays a courtesy call on U Min Aung Hlaing, President of the Republic of the Union of Myanmar

NAY PYI TAW June 1

H.E. Mr. Ajit Doval, National Security Advisor of India, paid a courtesy call on U Min Aung Hlaing, President of the Republic of the Union of Myanmar, who is on an official visit in New Delhi, India, yerterday evening.

During the meeting, they cordially and openly exchanged views regarding the promotion of friendship and cooperation between the two countries, border area security and stability, and the further enhancement of cooperation in all sectors between Myanmar and India.

The meeting was attended by the President along with Union Ministers U Khin Maung Yi and U Tin Maung Swe and officials, while the National Security Advisor of India was accompanied by H.E. Shri Abhay Thakur, Ambassador of India to Myanmar, and officials, according to reports.

**Myawady**

President U Min Aung Hlaing receives National Security Advisor Mr. Ajit Doval.



# နိုင်ငံတကာတွင် လတ်တလောကာလအတွင်း ကူးစက်ဖြစ်ပွားလျက်ရှိသော ရောဂါများ၊ အခြားကူးစက်ရောဂါများ နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၁

နိုင်ငံတကာတွင် လတ်တလောကာလအတွင်း ကူးစက်ဖြစ်ပွားလျက်ရှိသော ရောဂါများ၊ အခြားကူးစက်ရောဂါများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဌာနကြီးမှူးများနှင့် ဌာနမှူးများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟန်တာဗိုင်းရပ်ရောဂါနှင့် အီဘိုလာရောဂါတို့ နိုင်ငံအတွင်းသို့ ကူးစက်ဝင်ရောက်မှုမရှိစေရေး နိုင်ငံတကာတွင် ရောဂါကူးစက်မှုများကို စဉ်ဆက်မပြတ်စောင့်ကြည့်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်များနှင့်အညီ ကြိုတင်ပြင်ဆင်မှုလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆေးကုသမှုဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းဆောင်ရွက်နေမှုနှင့် ဓာတ်ခွဲခန်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)နှင့် ညွှန်ကြားရေးမှူး(ကူးစက်)တို့က နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ကြေညာထားခြင်းခံရသော အီဘိုလာရောဂါ နိုင်ငံတွင်းသို့ ကူးစက်ဝင်ရောက်မှုမရှိစေရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာန Meeting Hall ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်မြို့ရှိ နိုင်ငံပိုင်သတင်းစာတိုက်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ကို ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇွန် ၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ရန်ကုန်တိုင်းဒေသကြီးပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံပိုင်သတင်းစာတိုက်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ရောက်ရှိပြီး ရုံးအဆောက်အအုံ၊ CTP (Computer to Plate)ခန်း ၊ ပုံနှိပ်စက်နှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၄၃)လမ်းရှိကြေးမုံသတင်းစာတိုက်၏ ပုံနှိပ်စက်ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ပြည်လမ်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ရောက်ရှိပြီး စတူဒီယို (1)တွင် လူမှုစီးပွားအစီအစဉ်နှင့် ဘဝနှင့် အနုပညာအစီအစဉ်ရိုက်ကူးနေမှု၊ စတူဒီယို (2)တွင် Shining Star ကလေးအစီအစဉ်ရိုက်ကူးနေမှု၊ News Studio တွင် သတင်းရိုက်ကူးနေမှု၊ စတူဒီယို(D)တွင် ခေတ်ပေါ်တေးဂီတအဖွဲ့ လေ့ကျင့်နေမှု၊ ရေဒီယိုဆောင် Master Room တွင် မြန်မာ့အသံဆိုင်းဝိုင်းကြီးနှင့်တွဲဖက်၍ ဝန်ထမ်းများတေးသီချင်း သီဆိုလေ့ကျင့်နေမှု၊ စတူဒီယို(B)တွင် နိုင်ငံတော်သံစုံတီးဝိုင်းလေ့ကျင့်နေမှုနှင့် စတူဒီယို(C)တွင် အသံလွှင့်ဇာတ်လမ်း အသံသွင်းနေမှုတို့ကိုကြည့်ရှုအားပေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(A)၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ် မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် အရေးကြီးသည့် ဌာနတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကမူဝါဒ အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပြည်သူလူထုသိရှိနားလည်ရေး သတင်းများထုတ်ပြန်ပေးရန်နှင့် အသိပညာပေးရန်လိုအပ်ပါကြောင်း၊ အနုပညာကဏ္ဍအနေဖြင့်လည်း ဖျော်ဖြေပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်ပြီး မီဒီယာဖြင့်အသိပညာပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာဖြစ်သည့်အတွက် အဆင့်အတန်းရှိသည့် မီဒီယာတစ်ခုဖြစ်ရေး ကြိုးစားရန်လိုအပ်ကြောင်း ပြောကြားပြီး အရာထမ်း၊ အမှုထမ်းများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

လှိုင်းဘွဲ့ ဇွန် ၁

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၃၁၁ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၁)ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း နှစ်ကျောင်းတို့ကို ဇွန်လ ၁ ရက်နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်းကျောင်း ၄၁ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၇၇ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၉၃ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း နှစ်ကျောင်း စုစုပေါင်း ၃၁၄ ကျောင်းဖွင့်လှစ်ခဲ့သည်။

ဇွန်လ ၁ ရက်အထိ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံထားမှုတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃၂၅ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၉၂၉၁ ဦးနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၃၀၄၀ ဦး စုစုပေါင်း ၄၃၆၅၆ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(၄၀၆)

# အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား နှင့် UID ဆောင်ရွက်ထုတ်ပေး



နေပြည်တော် ဇွန် ၁

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့်ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား သွေးအမျိုးအစား စစ်ဆေးဆောင်ရွက်ပေးနေမှုနှင့် မြို့နယ်အဆင့်ငါးဦးကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာစိစစ်ဆောင်ရွက်နေမှု၊ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူ၍ UID ဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID တို့ကို ကာယကံရှင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြဝတီ

အလိမ္မာ စာမှာရှိ၊ ပညာရွှေအိုး လူမခိုး။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တောင်ကိုရီးယား အာကာသနည်းပညာစက်ရုံ ပေါက်ကွဲမှုကြောင့် လူငါးဦးသေဆုံး

**ဆိုး၊ မတော်တဆမှု**

တောင်ကိုရီးယားရှိ အာကာသနည်းပညာစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ လူငါးဦးသေဆုံးကြောင်း မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူများ၏ပြောဆိုချက်ကို ကိုးကား၍ Yonhap သတင်းဌာနက ဇွန်လ ၁ ရက်တွင်ဖော်ပြသည်။ အဆိုပါပေါက်ကွဲမှုသည် ဆိုးမြို့၏တောင်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာ ဒယ်ဂျွန်မြို့၌တည်ရှိသော Hanwha Aerospace စက်ရုံ၌ နံနက် ၁၀ နာရီ ၅၉ မိနစ်ခန့်တွင်ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါစက်ရုံ၌ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့အတွင်း ဒုံးပျံလောင်စာဆီပေါက်ကွဲမှုများဖြစ်ပွားခဲ့ဖူးပြီး ထိုစဉ်က လူရှစ်ဦးသေဆုံးဒဏ်ရာရရှိသည်။ လက်ရှိဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့နှင့် မီးသတ်တာဝန်ရှိသူများက မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**Ref: Xinhua**

# လက်ဘနွန်တွင် စစ်ရေးအရှိန်မြှင့်မှုများ ရပ်တန့်ရန် အစ္စရေးကို EU တိုက်တွန်း

**ဘရပ်ဆဲ၊ စစ်ရေး**

ဥရောပသမဂ္ဂ (EU) က အစ္စရေးအနေဖြင့် လက်ဘနွန်နိုင်ငံအတွင်း စစ်ရေးအရှိန်မြှင့်လုပ်ဆောင်နေမှုများကို ရပ်တန့်ရန်နှင့် လက်ဘနွန်၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို လေးစားလိုက်နာရန် ဇွန်လ ၁ ရက်တွင် တိုက်တွန်းလိုက်သည်။ EU အနေဖြင့် လက်ဘနွန်နှင့် အစ္စရေးတို့အတွက် ရေရှည်တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုဖော်ဆောင်နိုင်မည့် သံတမန်ရေးဆိုင်ရာကြိုးပမ်းမှုများကို ဆက်လက်ထောက်ခံသွားမည်ဟု ဥရောပကော်မရှင် နိုင်ငံခြားရေးရာဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

"လက်ဘနွန်ပြည်သူတွေက အလွန်ကြီးမားတဲ့ ဒုက္ခတွေကိုခံစားခဲ့ရပြီးဖြစ်ပါတယ်။ ဒီစစ်ပွဲကို သူတို့ရွေးချယ်ခဲ့တာမဟုတ်သလို ဒီစစ်ပွဲကလည်း သူတို့စစ်ပွဲမဟုတ်ပါဘူး" ဟု ပြောရေးဆိုခွင့်ရှိသူကဆက်ပြောသည်။ ထို့ပြင် လက်ဘနွန်နှင့် အစ္စရေးပြည်သူများအနေဖြင့် စစ်ရေးပဋိပက္ခများ ပြန်လည်ဖြစ်ပွားမည့် အန္တရာယ်ကင်းစွာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူ့ဂုဏ်သိက္ခာဖြင့် နေထိုင်ပိုင်ခွင့်ရှိကြောင်း ၎င်းကအလေးပေးပြောသည်။ မတ်လ ၂ ရက်နောက်ပိုင်း အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် လက်ဘနွန်၌ လူပေါင်း ၃၄၀၀ ကျော်သေဆုံးသည်။ **Ref: Xinhua**

# အမေရိကန်၏တိုက်ခိုက်မှုများကို အီရန်ကလက်တုံ့ပြန်တိုက်ခိုက် နောက်တစ်ကြိမ် ယခုထက်ပိုမိုပြင်းထန်မည်ဟုသတိပေး



**တီဟီရန်၊ စစ်ရေး**

အမေရိကန်က အီရန်အပေါ်တိုက်ခိုက်မှုများလုပ်ပြီးနောက် အီရန်ကလက်တုံ့ပြန်တိုက်ခိုက်မှုများလုပ်ကြောင်း အီရန်နိုင်ငံ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကထုတ်ပြန်ထားသည်။ အမေရိကန်စစ်ဘက်က မေလ ၃၁ ရက်တွင် အီရန်နိုင်ငံတောင်ပိုင်းရှိ ပစ်မှတ်များကိုတိုက်ခိုက်ပြီးနောက် ယင်းတိုက်ခိုက်မှုလုပ်ဆောင်ရာ၌ အသုံးပြုသည့် လေတပ်စခန်းကို အီရန်က လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်းနှင့် နောက်တစ်ကြိမ်ထိုသို့တိုက်ခိုက်လာပါက လက်တုံ့ပြန်မှုသည် ယခုထက်ပြင်းထန်မည်ဖြစ်ကြောင်း တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ဇွန်လ ၁ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ဘက်က နိုင်ငံတကာရေပိုင်နက်တွင်ရှိသည်ဟုပြောသော်လည်း အီရန်ကၡင်းတို့၏ဝေဟင်ပိုင်နက်သို့ ကျူးကျော်လာသည်ဟူသော အမေရိကန်၏ဒရုန်းတစ်စင်းကိုပစ်ချပြီးနောက် အမေရိကန်စစ်ဘက်က အီရန်ရှိပစ်မှတ်များကိုတိုက်ခိုက်ခြင်းဖြစ်ကြောင်း အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်က ဇွန်လ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုကဲ့သို့အပြန်အလှန်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားခြင်းသည် အမေရိကန်နှင့် အစ္စရေးတို့က အီရန်အပေါ်တိုက်ခိုက်မှုများလုပ်ပြီးနောက် တစ်လကျော်အကြာ ဧပြီလတွင်ရရှိထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ပျက်စီးစေနိုင်သော အခြေအနေဖြစ်ပေါ်လျက်ရှိသည်။ လက်ရှိတွင် အမေရိကန်နှင့် အီရန်တို့က နားလည်မှုစာချွန်လွှာတစ်ရပ်ရရှိနိုင်ရေး ဆွေးနွေးညှိနှိုင်းမှုလုပ်ဆောင်နေကြောင်း သိရသည်။

**Ref: RT**

# ဘင်္ဂလားဒေ့ရှ်က လောင်စာဆီဈေးနှုန်း ထပ်မံမြှင့်တင်

**ဒါကာ၊ စက်သုံးဆီ**


ဘင်္ဂလားဒေ့ရှ်အစိုးရသည် လောင်စာဆီဈေးနှုန်းများကို ထပ်မံတိုးမြှင့်လိုက်ကြောင်း ဇွန်လ ၁ ရက်တွင်ထုတ်ပြန်ပြီး ယခုတိုးမြှင့်မှုသည် သီတင်းပတ်ခြောက်ပတ်ခန့်အတွင်း ဒုတိယအကြိမ်မြောက် ဈေးနှုန်းပြင်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် စွမ်းအင်နှင့်သတ္တုတွင်းသယံဇာတဌာနကထုတ်ပြန်သည့် ကြေညာချက်အရ ဒီဇယ်ဆီမှအပ အောက်တိန်း၊ ဓာတ်ဆီနှင့် ရေနံဆီတို့၏ ဈေးနှုန်းများကို တစ်လီတာလျှင် ၅ တာကာစီ တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ဈေးနှုန်းအသစ်များသည် ဇွန်လ ၂ ရက်မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ဈေးနှုန်းအသစ်များအရ အောက်တိန်း တစ်လီတာလျှင် ၁၄၅ တာကာ၊ ဓာတ်ဆီ တစ်လီတာလျှင် ၁၄၀ တာကာနှင့် ရေနံဆီ တစ်လီတာလျှင် ၁၃၅ တာကာအထိ မြင့်တက်သွားမည်ဖြစ်သည်။ သို့သော် ဒီဇယ်ဆီဈေးနှုန်းကို ယခင်သတ်မှတ်ထားသည့် တစ်လီတာလျှင် ၁၁၅ တာကာသာ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

# အိန္ဒိယအာကာသယာဉ်က လပေါ်၌ ရေခဲဖြစ်နိုင်ဖွယ်ရှိသည့်အရာကို တွေ့ရှိဟုဆို




**နယူးဒေလီ၊ အာကာသ**

အိန္ဒိယအာကာသသုတေသနအဖွဲ့က လွှတ်တင်ထားသော Chandrayaan-2 အာကာသယာဉ်သည် လပေါ်၌ ရေခဲဖြစ်နိုင်ဖွယ်ရှိသည့်အရာကို တွေ့ရှိကြောင်း တာဝန်ရှိသူများကပြောသည်။ သိပ္ပံပညာရှင်များသည် အာကာသယာဉ်ကပေးပို့သော အချက်အလက်များကိုစစ်ဆေးကြည့်ရာ လ၏တောင်ဝင်ရိုးစွန်းဒေသရှိ ချိုင့်ဝှမ်းများအတွင်း ရေခဲဖြစ်နိုင်ဖွယ်ရှိသည့်အရာများကိုတွေ့ရှိရခြင်းဖြစ်သည်။

လ၏တောင်ဝင်ရိုးစွန်းသည် မည်သည့်အခါမျှ နေရောင်ခြည်မရရှိသည့်အတွက် အလွန်အေးခဲသောဒေသဖြစ်နေပြီး ယင်းအခြေအနေကြောင့်ပင် ရေခဲများမှာ ဆက်လက်တည်ရှိနေခြင်းဖြစ်နိုင်ကြောင်း၊ ထိုနေရာများရှိအပူချိန်က အနုတ် ၂၄၈ ဒသမ ၁၅ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းသွားနိုင်ကြောင်း သုတေသီများကပြောသည်။

Chandrayaan-2 အာကာသယာဉ်က လ၏ပတ်လမ်းအတွင်း လှည့်ပတ်သွားလာပြီး လ၏မျက်နှာပြင်ကို လေ့လာမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ ယခုတွေ့ရှိမှုသည် နောင်တစ်ချိန် လပေါ်စူးစမ်းလေ့လာမှုများ ဆက်လက်ပြုလုပ်နိုင်ရန် အဓိကကျသော အချက်အလက်များဖြစ်သည်။ ထို့ပြင် အာကာသအေဂျင်စီများအနေဖြင့် လပေါ်လူသားများဆင်းသက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သည့်ရေခဲဖြစ်ပေါ်နေသောဒေသများကို စူးစမ်းရှာဖွေရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**Ref: RT**

# ဂျပန်က ရထားဘူတာရုံများနှင့် အဆောက်အအုံအချို့၌ ခုန်ချသေကြောင်းကြံစည်မှုများကို AI နည်းပညာဖြင့် ကြိုတင်တားဆီး

**ကျိုတို၊ နည်းပညာ**

ဂျပန်နိုင်ငံက ရထားဘူတာရုံများနှင့် အဆောက်အအုံအချို့၌ ခုန်ချသေကြောင်းကြံစည်မှုများကိုကြိုတင်ဖော်ထုတ်တားဆီးနိုင်ရန် ဉာဏ်ရည်တု (AI) နည်းပညာကို အသုံးပြုနေပြီး ထိုစနစ်ကြောင့် လူနှစ်ဦး၏အသက်ကို ကယ်တင်နိုင်ခဲ့ကြောင်း ယင်းစနစ်ကိုဖန်တီးသည့် ကုမ္ပဏီကပြောသည်။

တိုကျိုမြို့အခြေစိုက် Asilla ကုမ္ပဏီက ဖန်တီးထားသည့် အဆိုပါ AI စနစ်သည် လုံခြုံရေးကင်မရာများမှရရှိသော ရုပ်သံမှတ်တမ်းများကိုခွဲခြမ်းစိတ်ဖြာကာ ရထားဘူတာပလက်ဖောင်းအစွန်း သို့မဟုတ် အဆောက်အအုံခေါင်မိုးအနီးတွင် အချိန်ကြာမြင့်စွာရပ်နေခြင်း၊ လှည့်လည်သွားလာနေခြင်း စသည့်အပြုအမူများကို စောင့်ကြည့်ပြီး ခုန်ချသေကြောင်းကြံစည်နိုင်ခြေကို အကဲဖြတ်ပေးခြင်းဖြစ်သည်။ အန္တရာယ်ရှိနိုင်သည့် လက္ခဏာများတွေ့ရှိပါက လုံခြုံရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများထံသို့ ချက်ချင်းသတိပေးပေးကာ အချို့နေရာများတွင် အသံချဲ့စက်များဖြင့် သတိပေးခြင်းများလည်းပြုလုပ်သည်။

Asilla ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်မှစ၍ စီးပွားရေးအဆောက်အအုံများနှင့် အဖွဲ့အစည်းပေါင်း ၂၀၀ ခန့်နှင့် ပူးပေါင်းကာ လုံခြုံရေးကင်မရာမှတ်တမ်း သန်း ၇၀ ခန့် အသုံးပြု၍ AI စနစ်ကို လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။


**Ref: BP**



# ပြန်လည်စဉ်းစားရတော့မယ့် AI နည်းပညာနဲ့ ကလေးများရဲ့အနာဂတ်

“ကျန်တဲ့မေးခွန်းတွေကိုလည်း ကျွန်တော်ကူညီဖြေရှင်းပေးရမလား”

ဒါဟာ ရူပဗေဒဘာသာရပ်ကိုသင်ကြားနေတဲ့ ဆရာတစ်ယောက်က ကျောင်းသားတစ်ဦးလုပ်လာတဲ့ အိမ်စာအဆုံးမှာတွေ့လိုက်ရတဲ့ စာကြောင်းလေးတစ်ကြောင်းဖြစ်ပါတယ်။ ကျောင်းသားရဲ့အဖြေက မှန်ကန်သလို ရှင်းလင်းပြီး စနစ်တကျရေးသားထားပါတယ်။ ဒါပေမဲ့ ပြဿနာကဘာလဲဆိုတော့ အဲဒီအဖြေကို ကျောင်းသားက ကိုယ်တိုင်မရေးထားတာပါပဲ။ ကျောင်းသားဟာ Artificial Intelligence (AI) က ထုတ်ပေးထားတဲ့အဖြေကို တိုက်ရိုက်ကူးယူခဲ့တာဖြစ်ပြီး Chatbot ရဲ့ နောက်ဆုံးမေးခွန်းကိုတောင် ဖျက်ဖို့မေ့သွားတာဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကို ရိုက်ကူးထားတဲ့ ဗီဒီယိုတစ်ပုဒ်က လူမှုကွန်ရက်ပေါ်မှာ ပျံ့နှံ့သွားပါတယ်။ လူတွေကရယ်မောကြပေမယ့် သူတို့ရယ်မောမှုရဲ့နောက်ကွယ်မှာ စိုးရိမ်စရာကောင်းတဲ့ အမှန်တရားတစ်ခုရှိပါတယ်။ အဲဒါက ကျောင်းသားတွေဟာ စဉ်းစားတွေးခေါ်နိုင်စွမ်းကိုသာမဟုတ်ဘဲ စာခိုးချနည်းတောင် မေ့လာနေကြပြီလားဆိုတာပါပဲ။




ဒီအဖြစ်အပျက်က သာမန်ကျောင်းလေးတစ်ကျောင်းအတွင်းဖြစ်ပွားတဲ့ အဖြစ်အပျက်တစ်ခုမျှသာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ဝန်းကျင်မှာပဲ ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုင်ငံရဲ့ ပညာရေးစံနှုန်းတွေကို ပြန်လည်ပြင်ဆင်ဖို့နဲ့ AI နည်းပညာကို ပညာရေးစနစ်ထဲ ထည့်သွင်းအသုံးပြုနိုင်ရေး အဆိုပြုချက်တွေ တင်သွင်းဖို့ ညွှန်ကြားပါတယ်။ ဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ ယခုဆွေးနွေးနေကြတာဟာ နည်းပညာအသစ်တစ်ခု၊ ခေတ်စားနေတဲ့ ဖက်ရှင်တစ်ခု ဒါမှမဟုတ် ယာယီစိုးရိမ်ပူပန်မှုတစ်ခု မဟုတ်တော့ပါဘူး။ ပညာရေးရဲ့အနာဂတ်၊ နိုင်ငံတစ်နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်အနာဂတ်ကို ဆွေးနွေးနေကြတာဖြစ်လာပါပြီ။ သာမန်မိဘတွေနဲ့ ပြည်သူတွေရဲ့ အမြင်မှာတော့ ဒီကိစ္စက ဆရာတွေ၊ ကျောင်းအုပ်ချုပ်ရေးပိုင်းတွေနဲ့ပဲသက်ဆိုင်တယ်လို့ ထင်ကောင်းထင်နိုင်ပါတယ်။ ဒါပေမဲ့ အကျိုးဆက်တွေက စာသင်ခန်းထဲမှာပဲ ရပ်တန့်မနေပါဘူး။ AI ကို ဘယ်လိုအသုံးပြုမလဲဆိုတဲ့အချက်က ကလေးတွေ ဘယ်လိုစာဖတ်မလဲ၊ ဘယ်လိုစာရေးမလဲ၊ ဘယ်လိုအပြန်အလှန်ဆွေးနွေးကြမလဲ၊ ဘယ်လိုမှတ်သားသင်ယူမလဲ၊ ဘယ်လိုစဉ်းစားမလဲဆိုတဲ့အပေါ် တိုက်ရိုက်သက်ရောက်မှုရှိလာမှာဖြစ်ပါတယ်။

လက်ရှိ စာရင်းဇယားတွေကို ကြည့်မယ်ဆိုရင် အခြေအနေက ရှင်းလင်းနေပါတယ်။ ၂၀၂၅ ခုနှစ်အထိ ကျောင်းသားတွေရဲ့ စာစီစာကုံး၊ တင်ပြမှု၊ အိမ်စာနဲ့ သုတေသနစာတမ်းတွေထဲမှာ AI အကူအညီရယူမှုဟာ ၁၇ ဒသမ ၈ ရာခိုင်နှုန်းကနေ ၂၄ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။ ဆိုလိုတာက ကျောင်းသားလေးဦးမှာ တစ်ဦးနီးပါးဟာ AI ရဲ့ အကူအညီနဲ့ အလုပ်တွေပြီးမြောက်နေတာဖြစ်ပါတယ်။

ကျောင်းအဆင့် ကျောင်းသားတွေကြားမှာတော့ ဒီနှုန်းက ပိုမိုမြင့်မားနေပါတယ်။ ရုရှားကျောင်းသား ၂၉ ရာခိုင်နှုန်းက အိမ်စာလုပ်ရာမှာ AI ကို အသုံးပြုတယ်လို့ ဝန်ခံထားကြပြီး ၂၃ ရာခိုင်နှုန်းကတော့ ပျင်းရိမှုကြောင့် သို့မဟုတ် လူတွေနဲ့ စကားပြောမယ့်အစား AI နဲ့ စကားပြောဖို့ အသုံးပြုတယ်လို့ ဆိုထားပါတယ်။ အဲဒါက ဝန်ခံတဲ့သူတွေရဲ့ အရေအတွက်သာဖြစ်ပါတယ်။ အမှန်တကယ်အသုံးပြုနေတဲ့သူ အရေအတွက်က ဒီထက်ပိုများနိုင်တယ်လို့ ပညာရေးကျွမ်းကျင်သူတွေက ယုံကြည်နေကြပါတယ်။

ဆရာ၊ ဆရာမတွေအတွက်တော့ စစ်တမ်းတွေ မလိုအပ်ပါဘူး။ သူတို့ဟာ ဒီပြဿနာကို နေ့စဉ်ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဆရာတစ်ဦးရဲ့ အတွေ့အကြုံအရဆိုရင် ကျောင်းသားတစ်ယောက်ဟာ အိမ်မှာရေးလာတဲ့ စာစီစာကုံးတွေမှာ အလွန်ထူးချွန်ပေမယ့် စာသင်ခန်းထဲမှာ ကိုယ်တိုင်ရေးခိုင်းတဲ့ ဖန်တီးမှုပါအရေးအသားတွေမှာတော့ အမြဲကျရှုံးနေခဲ့ပါတယ်။ သူရေးလာတဲ့ အိမ်စာတွေက ခိုးယူကူးချမှုနဲ့ဆိုင်တဲ့ စစ်ဆေးမှုတွေကိုလည်း ကျော်ဖြတ်နိုင်ခဲ့တာကြောင့် သက်သေမရှိဘဲ စွပ်စွဲလို့မရခဲ့ပါဘူး။ ဒါပေမဲ့လည်း နောက်ဆုံးစာမေးပွဲကြီးဖြေဆိုချိန်မှာတော့ အမှန်တရားပေါ်လာခဲ့ပါတယ်။ AI ရဲ့ အကူအညီမရှိတော့တဲ့အခါ သူဟာစာမေးပွဲမှာ အလွန်ဆိုးရွားစွာကျရှုံးခဲ့ပါတယ်။ သူ့ရဲ့ ထူးချွန်တဲ့စာပေစွမ်းရည်လို့ထင်ရတဲ့အရာဟာ အမှန်တကယ်တော့ ဟန်ပြစွမ်းရည်မျှသာဖြစ်နေခဲ့တာပါ။

AI ကိုထိန်းချုပ်မှုမရှိဘဲ ပညာရေးစနစ်ထဲပေါင်းစည်းသွားမယ်ဆိုရင် အနာဂတ်က မလှပနိုင်ဘူးလို့ ကျွမ်းကျင်သူတွေက သတိပေးနေပါတယ်။ စစ်တမ်းတွေအရဆိုရင်လည်း လူဦးရေ ၃၆ ရာခိုင်နှုန်းက AI ကြောင့်ကလေးတွေရဲ့ စဉ်းစားတွေးခေါ်အားထုတ်မှုလျော့နည်းသွားပြီး ဦးနှောက်ဖွံ့ဖြိုးမှုကိုထိခိုက်စေနိုင်တယ်လို့ စိုးရိမ်နေကြပါတယ်။ ၃၁ ရာခိုင်နှုန်းကတော့ လူချင်းတွေ့ဆုံဆက်ဆံမှုလျော့ကျသွားမယ်လို့ ယုံကြည်နေကြပြီး ၂၇ ရာခိုင်နှုန်းက စိတ်အားထက်သန်မှုပျောက်ဆုံးကာ ပျင်းရိမှုတွေတိုးလာမှာကို စိုးရိမ်နေကြပါတယ်။

တကယ်တော့ အန္တရာယ်အကြီးဆုံးကဘာလဲဆိုရင် AI ဟာ အားထုတ်မှုကို အစားထိုးပေးနေရုံသာမကဘဲ အားထုတ်ထားသလိုထင်ရအောင်ပါ လုပ်ပေးနိုင်တာပါပဲ။ ကိုယ်တိုင်ပဲစဉ်းစားထားသလို၊ ဖန်တီးထားသလို၊ တစ်ခါတစ်ရံ ကိုယ်ပိုင်အတွေးအမြင်ရှိသလို တောင်ထင်ရအောင် AI ကဖန်တီးပေးနိုင်ပါတယ်။ ကလေးတစ်ယောက် ရေးထားတဲ့စာတစ်ပုဒ်ဟာ အမှားတွေပါနိုင်ပါတယ်။ စာလုံးပေါင်းမှားနိုင်ပါတယ်။ အတွေးအခေါ် မပြည့်စုံတာရှိနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီစာထဲမှာ သူ့ရဲ့ ကြိုးစားမှု၊ စိုးရိမ်မှု၊ မျှော်လင့်ချက်နဲ့ ကိုယ်ပိုင်ဟန်ပန်ကို တွေ့ရှိနိုင်ပါတယ်။ AI ရေးထားတဲ့ စာတစ်ပုဒ်ကတော့ အပြစ်အနာအဆာမရှိလောက်အောင် ပြီးပြည့်စုံနေနိုင်ပေမယ့် လူသားတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကိုတော့ မတွေ့ရနိုင်ပါဘူး။

နည်းပညာလုပ်ငန်းရှင် နာတာလီယာကက်စပါစကီးက “ကျွန်တော်တို့အနေနဲ့ လုံးဝမစဉ်းစားတတ်တော့တဲ့ မျိုးဆက်တစ်ခုကို မွေးထုတ်နေမိမှာစိုးရိမ်တယ်” လို့ ပြောခဲ့ဖူးပါတယ်။ ဒီနေရာမှာစကားလုံးအသုံးအနှုန်းက ပြင်းထန်နိုင်ပေမယ့် အဲဒီအထဲမှာ အမှန်တရားတစ်စိတ်တစ်ပိုင်းကတော့ ပါဝင်နေပါတယ်၊ ဒီနေ့ ကလေးတစ်ယောက်ဟာ AI ကထုတ်ပေးထားတဲ့အဖြေကိုတောင် ကိုယ်ပိုင်စဉ်းစားမှုနဲ့ ပြန်လည်ပြင်ဆင်မရေးနိုင်ဘူးဆိုရင် နောက်နှစ်အနည်းငယ်အတွင်း ဘာတွေဖြစ်လာမလဲ။ သူတို့ဟာ ကိုယ်ပိုင်အတွေးတွေကို ဆက်လက်ဖော်ထုတ်နိုင်ဦးမလား၊ ဒါမှမဟုတ်ရင်လည်း အခြေခံလူသားစွမ်းရည်တွေကိုပါ Algorithm တွေဆီ လွှဲအပ်လိုက်ကြတော့မလားဆိုတာ စိုးရိမ်စရာဖြစ်လာပါတယ်။

သို့သော် AI ကို ကျောင်းတွေထဲကနေ လုံးဝကြီးဖယ်ရှားပစ်နိုင်မယ်လို့ ယုံကြည်တာကလည်း လက်တွေ့မကျပါဘူး။ နည်းပညာတိုးတက်မှုကို ဆန့်ကျင်ရုံနဲ့ ပြဿနာမပြေလည်နိုင်ပါဘူး။ နည်းပညာကို တားဆီးဖို့ ကြိုးစားသူတွေဟာ နောက်ဆုံးမှာ ရှုံးနိမ့်ကြမှာပဲဖြစ်ပါတယ်။ တကယ့်အဖြေက AI ကို မသုံးဖို့မဟုတ်ဘဲ ဘယ်လိုမှန်မှန်ကန်ကန်အသုံးပြုရမလဲဆိုတာ သင်ကြားပေးဖို့ဖြစ်ပါတယ်။

AI ဟာ ဆရာတွေအတွက်လည်း အကျိုးရှိနိုင်ပါတယ်။ စာမေးပွဲမေးခွန်းတွေပြင်ဆင်ရာမှာ ကူညီနိုင်တယ်။ တင်ပြချက်တွေဖန်တီးပေးနိုင်တယ်။ အချိန်ကုန်ပြီး ထပ်ခါတလဲလဲလုပ်ရတဲ့အလုပ်တွေကို လျှော့ချပေးနိုင်တယ်။ ကျောင်းသားတွေရဲ့အမှားတွေကို ခွဲခြမ်းစိတ်ဖြာပေးနိုင်တယ်။ ဒါပေမဲ့ AI ဟာ ဆရာကို အစားထိုးလို့မရပါဘူး။ မှန်ကန်စွာ အသုံးပြုနိုင်မယ်ဆိုရင်သာ အထောက်အကူပြု ကိရိယာတစ်ခုဖြစ်လာနိုင်ပါတယ်။

ဒါပေမဲ့ ယနေ့အထိဖြစ်နေတဲ့ပြဿနာတစ်ခုက ဆရာတွေရော၊ ကျောင်းသားတွေရော AI ကို ဘယ်လိုအသုံးပြုရမလဲဆိုတာကို စနစ်တကျမသင်ယူရသေးတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ဂဏန်းပေါင်းစက်တွေ စတင်ပေါ်လာချိန် မိဘတွေက ကလေးတွေရဲ့ သင်္ချာနဲ့ပတ်သက်တဲ့စဉ်းစားနိုင်စွမ်း ပျက်စီးသွားမှာကို စိုးရိမ်ခဲ့ကြပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ဂဏန်းပေါင်းစက်က သင်္ချာကို မဖျက်ဆီးခဲ့ပါဘူး။ အခြေခံတွက်ချက်မှုကို သင်ယူပြီးသားသူတွေအတွက် ပိုမိုရှုပ်ထွေးတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ အချိန်နဲ့စွမ်းအင်တွေကို ချန်ထားပေးခဲ့တာဖြစ်ပါတယ်။

AI အပေါ်မှာလည်း ဒီအခြေခံသဘောတရားကို အသုံးချရမှာ ဖြစ်ပါတယ်။ ကလေးတွေဟာ ပထမဦးစွာ စဉ်းစားတတ်ရမယ်။ စာဖတ်တတ်ရမယ်။ စာရေးတတ်ရမယ်။ အပြန်အလှန်ဆွေးနွေးတတ်ရမယ်။ သံသယထားတတ်ရမယ်။ တွက်ချက်တတ်ရမယ်။ ကိုယ့်အတွေးကို ဖော်ပြတတ်ရမယ်။ အဲဒီနောက်မှ AI ကို ထပ်ဆောင်းဉာဏ်ရည်တစ်ခုအဖြစ် အသုံးပြုသင့်ပါတယ်။ AI မပေးနိုင်တဲ့အရာကို ဆရာတွေနဲ့ မိဘတွေက ပေးနိုင်ပါတယ်။ အဲဒါကတော့ လူသားချင်းထိတွေ့ဆက်ဆံမှု၊ စစ်မှန်တဲ့ စကားဝိုင်း၊ အတွေးအခေါ်ဖလှယ်မှု၊ သဘောထားမတူညီမှုကို လေးစားသင်ယူခြင်းနဲ့ စိတ်ခံစားချက်အစစ်အမှန်တွေပဲဖြစ်ပါတယ်။ AI က ခံစားချက်မရှိပါဘူး။ ဒါပေမဲ့ ခံစားချက်ရှိသလို အတုယူနိုင်ပါတယ်။ အထီးကျန်နေတဲ့ ကလေးတစ်ယောက်အတွက်တော့ အဲဒီအတုယူမှုဟာ တစ်ခါတစ်ရံ အစစ်အမှန်လို ထင်ကောင်းထင်ရနိုင်ပါတယ်။

ဒါကြောင့် AI ပြဿနာမှာ ကလေးတွေကို ဆူပူကြိမ်းမောင်းရုံနဲ့ ဖြေရှင်းလို့မရပါဘူး။ Chatbot ရဲ့ အဖြေကို ကူးယူမိလို့ ရယ်မောနေကြရုံနဲ့လည်း မလုံလောက်ပါဘူး။ ဘာတွေလုပ်ရမလဲဆိုရင် ဆရာတွေရဲ့ အခန်းကဏ္ဍကို ပြန်မြှင့်တင်ရမယ်။ ဆရာရှားပါးမှုပြဿနာကိုဖြေရှင်းရမယ်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချရမယ်။ မိဘ၊ ဆရာ၊ ကျောင်းသားတွေကို AI ကို တာဝန်ယူမှုရှိရှိ အသုံးပြုတတ်အောင် သင်ကြားပေးရမယ်။ မဟုတ်ရင်တော့ စက်တွေက လူသားတွေရဲ့ စဉ်းစားနိုင်စွမ်းအပေါ်မှာ တဖြည်းဖြည်း အစားထိုးလာနိုင်ပါတယ်။

အဲဒီအခါ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်ကလေးတွေဟာ Search Bar ထဲမှာ “Essay on the topic…” လို့ ရိုက်ထည့်ပြီးရှာလာကြပါမယ်။ နောက်ဆုံးမှာ AI က သူတို့ရဲ့ ပညာရေးခရီးကို အဆုံးသတ်ပေးမယ့် မေးခွန်းတစ်ခုကိုပါထပ်မံမေးလာနိုင်ပါတယ်။ အဲဒါကတော့ “ကျွန်တော့်အနေနဲ့ တခြားဘာများကူညီပေးရဦးမလဲ” ဆိုတာပါပဲ။ ။

**Ref: RT**

**ထက်မြတ်**

# သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၂/ ၂၀၂၆) ဖွင့်လှစ်



**နေပြည်တော် ဇွန် ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မြန်မာသံတမန်သင်တန်းကျောင်း (Myanmar Diplomatic Academy) နှင့် Naypyitaw State Academy တို့ ပူးပေါင်းဖွင့်လှစ်သည့် သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်း (Diploma in Diplomacy) အမှတ်စဉ်(၂/၂၀၂၆)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကို သင်တန်းကာလ လေးလစီကြာမြင့်သော ပညာသင်နှစ်ဝက်နှစ်ခုဖြင့် စုစုပေါင်းသင်တန်းကာလ ရှစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် သံတမန်ရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးများ၊ နိုင်ငံခြားရေးမူဝါဒများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း/အမှုထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ စိတ်ပါဝင်စားသူများ၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၀ ဦးတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံများ ကမ္ပည်းကြေးပြားတပ်ဆင်ခြင်း အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအေးထွန်း တက်ရောက်



**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်ရှိ ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံ ငါးခုဖြစ်သည့် သန့်ရှင်းသူအပေါင်း ခရစ်ယာန်ဘုရားကျောင်း(All Saint Church)၊ နန်းမြိုင်၊ ဂန္ဓမာမြိုင်၊ ယုဇနမြိုင်နှင့် ရွှေနှလုံးတော် ကာသိုလိပ် ဘုရားရှိခိုးကျောင်းတို့၌ ကမ္ပည်းကြေးပြား တပ်ဆင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့ရှိ နန်းမြိုင်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက မြန်မာနိုင်ငံအတွင်း နှစ်တစ်ရာသက်တမ်းအထက်ရှိအဆောက်အအုံပေါင်း ၃၈၂ လုံးကို ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံများအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံပေါင်း ၁၁၅ လုံး သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ နှစ်တစ်ရာကျော်သည့် အဆောက်အအုံများကို ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံ သတ်မှတ်သည့်အခါ သမိုင်းတန်ဖိုး၊ ဗိသုကာလက်ရာနှင့် အနုလက်ရာတည်ရှိမှုအခြေအနေ၊ မူလလက်ရာကျန်ရှိခြင်း ရှိ၊ မရှိ၊ အဆောက်အအုံ၏တည်နေရာနှင့် ပတ်ဝန်းကျင်အနေအထားတို့ကိုကြည့်ရှု၍ ဆောင်ရွက်ရပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က သန့်ရှင်းသူအပေါင်းခရစ်ယာန်ဘုရားကျောင်း(All Saint Church)၊ နန်းမြိုင်၊ ဂန္ဓမာမြိုင်၊ ယုဇနမြိုင်နှင့် ရွှေနှလုံးတော် ကာသိုလိပ်ဘုရားရှိခိုးကျောင်းတို့ကို ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၁**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နီလာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က “ဝန်ထမ်းကောင်းမှနိုင်ငံကောင်းမည်” ဟူသောဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာစောင့်ထိန်းကြရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ဂုဏ်သိက္ခာရှိသော၊ ပြည်သူများက ယုံကြည်အားကိုးရသည့်ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးမြင့်မားသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေးကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့သင်တန်းသား ၇၂ဦး၊ သင်တန်းသူ ၇၁ ဦး စုစုပေါင်း ၁၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၀ ပတ် ကြာမြင့်မည်ဖြစ်သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်သည် တက္ကသိုလ်ပျိုးခြံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တက္ကသိုလ်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပနိုင်ရေး မဲဇလီ၊ ရေသင်းဝင်နှင့် ပိတောက်စသည့်အပင်များစုဆောင်းထားရှိမှုနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရန် မြေနေရာရှင်းလင်းအကွက်ချထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။


မြဝတီ

# ၁-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၅) ဖွင့်လှစ်



**နေပြည်တော် ဇွန် ၁**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရှိရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင် ဦးစိုးတင့်က “သန့်ရှင်းသည့်အစိုးရ၊ ကောင်းမွန်သည့်အုပ်ချုပ်မှု” ဖြစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သစ္စာ၊ သမာဓိ၊ ပညာဖြင့်ပြည့်စုံသော ဝန်ထမ်းကောင်းများဖြစ်အောင်ပြုမူကျင့်ကြံနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းအား သင်တန်းသား ၇၃ ဦး၊ သင်တန်းသူ ၇၇ ဦး စုစုပေါင်း ၁၅၀ ဦးဖြင့် ဇွန်လ ၁ ရက်မှ အောက်တိုဘာလ ၁၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများအလိုက် သင်ခန်းစာပို့ချမှုအခြေအနေ၊ သင်တန်းအိပ်ဆောင်များ၊ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးပြီး သရဖီဆောင်စားရိပ်သာ၌ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၆) သင်တန်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ကာ ဝန်ထမ်းအိမ်ရာများတွင် ရာသီသီးနှံစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်း Lot(၇၈)ခုအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောက်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် | - | (၂-၆-၂၀၂၆) ရက်(အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် | - | (၁၆-၆-၂၀၂၆)ရက်(အင်္ဂါနေ့) ညနေ(၁၆:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - | (၁၈-၆-၂၀၂၆) ရက် (ကြာသပတေးနေ့) |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**ဆက်သွယ်ရန်ဖုန်းနံပါတ် ၀၉-၈၆၀၀၀၅၇၇၇၊ ၀၅၂-၂၂၀၀၀၉၃(တိုင်းစည်ပင်)**

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)တွင် ဆေးဝါး၊ ဆေးပစ္စည်းနှင့် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်နိုင်ရန် ပုဂ္ဂလိကမော်တော်ယာဉ်ငှားရမ်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါဖောင်ပုံစံကို ဒုတိယညွှန်ကြားရေးမှူး(ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်တင်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်(၀၁-၈-၃၇၁၂၈၄၊ ၀၁-၈-၃၇၄၄၉၇၊ ၀၁-၈-၃၇၇၉၉၆)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါဖောင်ပုံစံရောင်းချမည့်ရက် | - | (၂-၆-၂၀၂၆)ရက်နေ့ ရုံးချိန်အတွင်း |
| တင်ဒါပိတ်သိမ်းမည့်ရက် | - | (၁၅-၆-၂၀၂၆)ရက်နေ့ ရုံးချိန်အတွင်း |
| တင်ဒါဖောင်စျေးနှုန်း(ကျပ်) | - | ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)**
**အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

### အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်နီနီဝင်း ၁၄/ဘကလ(နိုင်)၁၈၅၁၂၂ ၏ Everrich Mountain Co.,Ltd နှင့် ပတ်သက်သောကိစ္စအဝဝအား ကျွန်မ၏ ခွင့်ပြုချက်မရဘဲ မည်သူမဆို လုပ်ကိုင်ဆောင်ရွက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်နီနီဝင်း**
**မန်နေးဂျင်းဒါရိုက်တာ**
**Everrich Mountain Co.,Ltd.**

### ပျောက်ဆုံးကြောင်း

အေးအေးနွယ်(ဘ)ဦးမြတ်သူ ၇/မလန(နိုင်)၁၀၀၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဒေါ်မသာလှ(ဘ)ဦးအောင်သာဦး ၁၁/မတန(နိုင်)၀၁၁၂၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဝင်းအောင်(ဘ)ဦးလုံပေါက် ၁၃/လရန(နိုင်)၂၅၈၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၇၄၉၂၃

### ပျောက်ဆုံးကြောင်း

နှင်းသက်ဝေ(ဘ)ဦးမောင်မောင် ၉/မခန(နိုင်)၃၁၁၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 981127)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ကျော့ကျော့(ဘ)ဦးသောင်းမြင့် ၁၂/ဒဂဆ(နိုင်)၀၂၇၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၄၃၅၇၈၄

### ပျောက်ဆုံးကြောင်း

လမင်းအိမ်(ဘ)ဦးဇော်မင်း ၁၂/စခန(နိုင်)၀၇၇၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အားမိုင်(ဘ)ဦးကျင်ဝမ်း ၁၃/လရန(နိုင်)၂၆၄၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ကုသရေးဦးစီးဌာနမှူးရုံး
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံများတွင် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါး၊ ဓာတ်ခွဲ၊ ဓာတ်မှန်သုံးဆေးနှင့် ဆေးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| ၂။ အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့် ရက်နှင့်အချိန် | - | ၂-၆-၂၀၂၆ နံနက်(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပုံစံ နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန် | - | ၁၅-၆-၂၀၂၆ ညနေ(၄:၀၀)နာရီ |
| ၃။ တင်ဒါတင်သွင်းရမည့်နေရာ | - | နေပြည်တော်ကုသရေးဦးစီးဌာနရုံး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် |

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ကုသရေးဦးစီးဌာန ဖုန်းနံပါတ်-၀၆၇-၅၅၀၀၇၆ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

### "Shwe Hnin Pwint Construction Co.,Ltd."
### အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲ နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

Shwe Hnin Pwint Construction Co.,Ltd. အစုရှင်များ၏နောက်ဆုံးအစည်းအဝေးကို (၄-၆-၂၀၂၆)ရက်နေ့၊ နံနက် ၁၀:၀၀ နာရီတွင် ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အခန်းအမှတ်-၄၃၊ ပထမထပ်ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

(ဒေါ်မြင့်မြင့်)
**ဒေါ်မြင့်မြင့် B.Com, C.P.A,**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### Lemongrass Co.,Ltd.
### အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲ နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

Lemongrass Co.,Ltd. အစုရှင်များ၏နောက်ဆုံးအစည်းအဝေးကို (၄-၆-၂၀၂၆)ရက်နေ့၊ နံနက် ၁၀:၀၀ နာရီတွင် ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အခန်းအမှတ်-၄၃၊ ပထမထပ်ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

(ဒေါ်မြင့်မြင့်)
**ဒေါ်မြင့်မြင့် B.Com, C.P.A,**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## ရုပ်သိမ်းခြင်း

၂၂-၇-၂၀၂၁ ရက်နေ့ မြဝတီသတင်းစာဖြင့် သမီးအဖြစ်မှ စွန့်လွှတ်ရန်ကြေညာထားသော ကျွန်တော် ဦးမျိုးမင်းသန်း၏ သမီးဖြစ်သူ မနှင်းသက်ထားဝေ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/အလန(နိုင်)၀၄၈၀၈၇ ကိုင်ဆောင်သူသည် ယခုအခါ မိဘများ၏ စိတ်ရင်းစေတနာအမှန်ကို သိရှိနားလည်လာပြီဖြစ်သည့်အတွက် မနှင်းသက်ထားဝေအား အမွေပြတ်စွန့်လွှတ်ခြင်းအား ရုပ်သိမ်းလိုက်ပါသည်။

**ဦးမျိုးမင်းသန်း(၁၃/မဆန(နိုင်)၀၁၉၉၁၉)**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၅)၊ ဓမ္မာရုံလမ်းနေ၊ ဒေါ်ဥမ္မာအောင်(၁၂/ရပသ(နိုင်)၁၄၁၇၄၆)ကိုင်ဆောင်သူမှ(အလျား ၂၅'-၀"x အနံ ၃၀'-၀")RC(၁)ထပ်သွပ်မိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ ဇာနည်(၁၂)လမ်း၊ အမှတ်(၅၉၆/က)နေ မြတ်မြတ်(ဘ)ဦးစိန်ဒိုင် ၁၂/ဥကတ(နိုင်)၁၄၇၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၆၅၀၈၈၅၄၉

### ပျောက်ဆုံးကြောင်း

ရဲထက်အောင်(ဘ)ဦးသိန်းနိုင် ၁၂/ဥကတ(နိုင်)၂၀၂၂၇၅ ၏ DD-8523 TOYOTA SUCCEED ၏ (CNG) သဘာဝဓာတ်ငွေ့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇၁၇၅၃၀၅၉

### အမည်ပြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အထက(၅)စစ်တွေ၊ Grade-11 မှ အဘ ဦးကျော်သန်း ၁၁/စတန(နိုင်)၀၀၇၈၃၄ ၏သား မောင်ထူးမြတ်လင်း ၁၁/စတန(နိုင်)၁၆၀၃၀၃ အား မောင်အောင်ကိုဆန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ကိုဆန်း**

### အမည်ပြောင်း

နတ်မောက်မြို့နယ်၊ အ.လ.က၊ ပ-ငွေးချို Grade-4 တွင်ပညာသင်ကြားနေသော အဘ ဦးစိန်ကျော်မြင့် ၈/နမန(နိုင်)၁၂၇၇၃၃ ၏သမီး မကေရီသန္တာကျော်အား မကေရီမြင့်မြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကေရီမြင့်မြတ်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော Ready mixed Concrete၊ ဘိလပ်မြေ၊ အုတ်၊ သံချောင်းလုံး၊ သဲ၊ ခွဲကျောက်အရွယ်စုံ၊ မြစ်ကျောက်စရစ်၊ Thermoplastic Paint၊ PAC၊ PAM၊ ကျောက်ချဉ်၊ ကလိုရင်း၊ ကျောပိုးမြက်ဖြတ်စက်၊ အမှိုက်ပုံး(၂၄၀ လီတာ)၊ အမှိုက်ပုံး(၁၂၀ လီတာ)၊ ကတ္တရာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် | - | (၂-၆-၂၀၂၆) ရက်(အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် | - | (၁၆-၆-၂၀၂၆)ရက်(အင်္ဂါနေ့) ညနေ(၁၆:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - | (၁၈-၆-၂၀၂၆) ရက် (ကြာသပတေးနေ့) |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**ဆက်သွယ်ရန်ဖုန်းနံပါတ် ၀၉-၈၆၀၀၀၅၇၇၇၊ ၀၉-၆၇၂၅၄၂၂၆၆ (တိုင်းစည်ပင်)**

**တင်ဒါကော်မတီ**

## ပဲခူးတိုင်းဒေသကြီး
## ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနရုံးဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် | - | (၂-၆-၂၀၂၆)မှ(၁၅-၆-၂၀၂၆) အထိ |
| (ခ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် | - | (၂-၆-၂၀၂၆)မှ(၁၅-၆-၂၀၂၆) အထိ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ဖုန်း-(၀၅၂-၂၂၂၁၂၁၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

# ၂၀၂၆ ဥရောပစူပါဖလားဗိုလ်လုပွဲကို ဩဂုတ်လ ၁၂ ရက်တွင် ဂျာမနီနိုင်ငံ လိုက်ပဇစ်အသင်းအိမ်ကွင်း၌ ကျင်းပမည်




ဘာလင် ဇွန် ၁

ချန်ပီယံလိဂ်ဖလားချန်ပီယံနှင့် ယူရိုပါလိဂ်ဖလား ချန်ပီယံအသင်းတို့ယှဉ်ပြိုင်ကစားမည့် ၂၀၂၆ ဥရောပစူပါဖလားဗိုလ်လုပွဲကို ဩဂုတ်လ ၁၂ ရက်တွင် ဂျာမနီနိုင်ငံ လိုက်ပဇစ်အသင်းအိမ်ကွင်းဖြစ်သည့် ရက်ဘူးအရီနာ အားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ကြီးမှူးပြီး ဘောလုံးရာသီတိုင်းတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်သည့် အသင်းနှင့် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်သည့်အသင်းတို့ကို ဥရောပစူပါဖလားဗိုလ်လုပွဲအဖြစ် ဘောလုံးရာသီသစ်မစတင်မီ နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပီအက်စ်ဂျီအသင်းကလည်းကောင်း၊ ယူရိုပါလိဂ်ပြိုင်ပွဲ၌ အက်စ်တွန်ဗီလာအသင်းကလည်းကောင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ကြသည့်အတွက် ၂၀၂၆ ဥရောပစူပါဖလားဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဥရောပစူပါဖလားကို ပီအက်စ်ဂျီအသင်းနည်းပြအင်းနရစ်သည် နှစ်ကြိမ်ဆွတ်ခူးထားနိုင်ပြီး အက်စ်တွန်ဗီလာအသင်းနည်းပြ အမ်မရီသည် ဥရောပစူပါဖလားဗိုလ်လုပွဲကို သုံးကြိမ်အထိ တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း တစ်ကြိမ်မှ ဆွတ်ခူးနိုင်ခြင်းမရှိဘဲ ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

၂၀၂၅ ခုနှစ်က ဥရောပစူပါဖလားပြိုင်ပွဲတွင် ချန်ပီယံဆုကို ပီအက်စ်ဂျီအသင်းက ဆွတ်ခူးနိုင်ခဲ့ပြီး ပီအက်စ်ဂျီအသင်းက လက်ရှိချန်ပီယံအသင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုရရှိရန် ဖာနန်ဒက်နှင့် ဒီကလန်ရိုဒ်တို့ရေပန်းစားလျက်ရှိ

လန်ဒန် ဇွန် ၁

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်ပေးအပ်မည့် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုဖြစ်သည့် PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို လာမည့် ဩဂုတ်လ ၁၂ ရက်တွင် ကြေညာမည်ဖြစ်ပြီး အဆိုပါဆုရရှိရန် ဖာနန်ဒက်နှင့်ဒီကလန်ရိုဒ်တို့က ရေပန်းစားလျက်ရှိကြောင်း သိရသည်။

PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အများအားဖြင့် တိုက်စစ်ကစားသမားများကသာ ဆွတ်ခူးနိုင်ကြသော်လည်း လာမည့် PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မန်ယူအသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်နှင့် အာဆင်နယ်အသင်းကွင်းလယ်ကစားသမား ဒီကလန်ရိုဒ်တို့က ရရှိဖွယ်ရှိနေသည်။

ဖာနန်ဒက်သည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး မန်ယူအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ကာ အသင်းနှင့်အတူ ဂိုးဖန်တီးမှု ၂၁ ကြိမ်ပြုလုပ်နိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ရပ်တည်နေသကဲ့သို့ PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုရရှိရန် ရေပန်းစားနေခြင်းဖြစ်သည်။

ထို့ပြင် ဖာနန်ဒက်သည် FWA တစ်နှစ်တာ အကောင်းဆုံးဆုနှင့် မန်ယူအသင်းတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ဒီကလန်ရိုဒ်သည်လည်း အာဆင်နယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး အာဆင်နယ်အသင်း နှစ်ပေါင်း ၂၂ နှစ်အကြာတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်လာပြီးနောက် PFA တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိရန် ဖာနန်ဒက်နှင့်အတူ ရေပန်းစားလျက်ရှိကြောင်း သိရသည်။

*Ref; B/R Football*

# ချန်ပီယံလိဂ်ပြိုင်ပွဲ၏တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်ကစားသမားခါဗီချာရရှိပြီး နေရာလိုက်အကောင်းဆုံးကစားသမားစာရင်း ၁၁ ဦးစာရင်းတွင် ပီအက်စ်ဂျီအသင်းမှ ငါးဦးအထိပါဝင်




ပဲရစ် ဇွန် ၁

ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ၏တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ပီအက်စ်ဂျီအသင်းတိုက်စစ်ကစားသမား ခါဗီချာက ဆွတ်ခူးနိုင်ပြီး နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်သည့် ပီအက်စ်ဂျီအသင်းမှ ကစားသမားငါးဦးအထိပါဝင်လာကြောင်း သိရသည်။

ခါဗီချာသည် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ပြီး ပီအက်စ်ဂျီအသင်းချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်ဆက်ဆွတ်ခူးရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်လာပြီးနောက် ပြိုင်ပွဲ၏တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ခါဗီချာသည် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပီအက်စ်ဂျီအသင်းနှင့်အတူ ၁၀ ဂိုးသွင်းယူနိုင်သည့်အပြင် ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်နိုင်ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုကိုလည်း လေးကြိမ်အထိရရှိခဲ့သည်။

အလားတူ ချန်ပီယံလိဂ်ပြိုင်ပွဲ၏ နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင်လည်း ပီအက်စ်ဂျီအသင်းမှ ကစားသမားငါးဦးပါဝင်ကာ အာဆင်နယ်အသင်းမှကစားသမားသုံးဦး၊ ဘိုင်ယန်မြူးနစ်အသင်းမှကစားသမားနှစ်ဦးနှင့် အက်သလက်တီကိုအသင်းမှ တစ်ဦးပါဝင်လာခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ၏ နေရာလိုက်အကောင်းဆုံးကစားသမားစာရင်းတွင် ဂိုးသမားနေရာ၌ အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးလက်စွမ်းပြနိုင်သည့် ဂိုးသမား ရိုင်ယာပါဝင်လာခဲ့သည်။

ခံစစ်ကစားသမားနေရာ၌ ပီအက်စ်ဂျီအသင်းမှ မန်ဒက်၊ ဟာကီမီ၊ အာဆင်နယ်အသင်းမှ ဂါဘရီရယ်၊ အက်သလက်တီကိုအသင်းမှ လော်ရန်တီ၊ ကွင်းလယ်ကစားသမားနေရာ၌ ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာ၊ အာဆင်နယ်အသင်းမှ ဒီကလန်ရိုဒ်၊ တိုက်စစ်ကစားသမားနေရာ၌ ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းနှင့် အိုလီဆီ၊ ပီအက်စ်ဂျီအသင်းမှ ခါဗီချာနှင့် ဒမ်ဘီလီတို့ပါဝင်လာခဲ့ကြကြောင်း သိရသည်။

*Ref;365Scores*

# ဘာစီလိုနာအသင်းက ခွန်ဒီအား ရောင်းချပြီး ကူကူရယ်လာနှင့် အစားထိုးရန်ကြိုးပမ်းနေ

ဘာစီလိုနာ ဇွန် ၁

ဘာစီလိုနာအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းခံစစ်ပိုင်းမှ ခွန်ဒီအားရောင်းချပြီး ချယ်လ်ဆီးအသင်းမှ ကူကူရယ်လာနှင့်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

ခွန်ဒီသည် အစောပိုင်းနှစ်များက ခြေစွမ်းပြနိုင်ခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ဒဏ်ရာပြဿနာများနှင့်သာ ရင်ဆိုင်နေရသည့်အတွက် ဘာစီလိုနာအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခွန်ဒီအား ရောင်းချပြီး ကူကူရယ်လာနှင့်အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ကူကူရယ်လာသည်လည်း ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ပြင်ဆင်နေပြီး အစောပိုင်းကတည်းက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းကလည်း ကူကူရယ်လာအားရောင်းချရမည်ဆိုပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၄၀ သတ်မှတ်ထားသည့်အတွက် ဘာစီလိုနာအသင်းက ခွန်ဒီအားရောင်းချပြီးမှသာ ကူကူရယ်လာကိုခေါ်ယူဖွယ်ရှိကြောင်း သိရသည်။

*Ref;Transfer News Live*

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် ၄ ထပ်လူနေအဆောက်အအုံ ၁ လုံးနှင့် ၃ ထပ်လူနေအဆောက်အအုံ ၂ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၂၄ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအားအသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၄ ထပ်လူနေအဆောက်အအုံ ၁ လုံးနှင့် ၃ထပ်လူနေအဆောက်အအုံ ၂ လုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် ၄ ထပ်လူနေအဆောက်အအုံ ၁ လုံးနှင့် ၃ထပ်အဆောက်အအုံ ၂လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၂၄ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။










# လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ်၊ နွားထိုးကြီး-ပြင်စည်ကားလမ်းဘေး၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် လက်လုပ်မိုင်း ၇ လုံးအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့

လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ်၊ နွားထိုးကြီး-ပြင်စည်ကားလမ်းဘေး၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် လက်လုပ်မိုင်း ၇ လုံးအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည့် နေရာပြပုံ။




**နေပြည်တော် ဇွန် ၁**

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများတွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်၊ လမ်းပန်းဆက်သွယ်ရေး ထိခိုက်ပျက်ပြားစေပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးရန်ရည်ရွယ်၍ ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြုကာ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်ရှိ နွားထိုးကြီး-ပြင်စည်ကားလမ်းမကြီးတစ်လျှောက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ခြင်းများ ဆောင်ရွက်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့များက နွားထိုးကြီးမြို့နယ်အတွင်း နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဖက်ခူးကျေးရွာနှင့် ရှောက်တောဝကျေးရွာကြား ကားလမ်းဘေးဝဲ/ယာဘက်များ၌ မိုင်းရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ အများပြည်သူထိခိုက်ဒဏ်ရာရရှိစေရန်ရည်ရွယ်၍ PDF အမည်ခံအကြမ်းဖက်အဖွဲ့ထောင်ထားသည့် PVC ပိုက်ဖြင့် ပြုလုပ်ထားသော အချင်း ၆ လက်မခန့်၊ အလျား ၁ ပေခန့်ရှိ လက်လုပ်မိုင်း ၂ လုံး၊ အချင်း ၆ လက်မခန့်၊ အလျား ၁ ပေခန့်ရှိ လက်လုပ်မိုင်း ၃ လုံး၊

စာမျက်နှာ ၂၉ သို့ ●

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၈၇) ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဇွန်လ (၁) ရက်နေ့

| အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု | အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆု | အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ | အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ |
|---|---|---|---|
| ခ - ၇၁၈၂၀၈ | က - ၄၇၄၈၉၈ | ပ - ၆၇၆၆၉၀   စ - ၇၅၆၀၅၉ | င-၃၁၉၉၃၅ ဋ-၆၅၂၃၂၇ ဌ-၄၈၈၆၀၀ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ

| | |
|---|---|
| ဂ - ၂၀၀၃၉၄ | ဃ - ၆၀၀၀၀၃ |
| ခ - ၂၀၉၃၅၉ | ခ - ၈၀၆၃၆၆ |
| က - ၂၈၆၂၆၅ | စ - ၈၁၆၁၃၄ |
| က - ၃၉၆၇၂၆ | ပ - ၈၄၂၁၉၆ |
| ခ - ၄၇၄၆၃၇ | ဍ - ၈၇၇၆၅၂ |
| ဂ - ၅၃၀၇၉၆ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

| | | |
|---|---|---|
| ဂ - ၁၀၃၅၂၄ | ည - ၂၈၀၂၆၅ | ဇ - ၅၉၅၀၂၃ |
| ဆ - ၁၂၀၆၈၄ | င - ၃၇၅၄၀၆ | ခ - ၈၈၂၈၅၁ |
| င - ၁၆၈၉၀၂ | ဇ - ၄၉၅၁၆၀ | စ - ၉၂၃၃၄၉ |
| စ - ၂၄၆၆၇၄ | ဍ - ၄၉၅၃၅၈ | ဌ - ၉၆၉၁၉၂ |
| ဈ - ၂၇၆၀၆၆ | | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ

| | | |
|---|---|---|
| က - ၁၂၀၆၆၈ | ခ - ၅၃၉၅၇၃ | က - ၇၅၀၁၈၇ |
| ခ - ၂၈၆၂၇၀ | ဆ - ၅၄၉၇၉၂ | ဌ - ၇၈၂၀၄၄ |
| ည - ၃၃၀၁၂၆ | က - ၆၀၈၉၁၆ | ဌ - ၈၇၇၆၆၃ |
| ဆ - ၄၃၃၁၃၁ | ဋ - ၆၄၀၀၄၆ | ဈ - ၈၈၁၁၈၂ |
| ဋ - ၄၄၈၇၀၄ | င - ၇၂၇၂၁၅ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

| | |
|---|---|
| င - ၂၂၇၈၆၉ | ဍ - ၄၆၅၆၇၆ |
| ဈ - ၂၂၈၃၇၆ | ဌ - ၅၆၆၄၀၂ |
| က - ၂၄၀၀၁၅ | စ - ၅၇၇၂၄၂ |
| ခ - ၂၄၅၁၂၀ | င - ၅၈၁၃၇၀ |
| ဈ - ၂၉၆၂၇၉ | ပ - ၆၅၁၆၆၉ |
| ည - ၃၄၅၁၁၀ | ဆ - ၇၉၆၈၉၉ |
| ဌ - ၃၇၆၅၀၈ | ဍ - ၉၆၃၀၂၉ |
| ဌ - ၄၅၃၅၆၃ | ဆ - ၉၈၂၀၀၃ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀) ဆုများ

| | | |
|---|---|---|
| ဇ - ၁၈၀၅၈၄ | ဇ - ၄၀၉၅၆၇ | ဌ - ၇၂၄၃၀၇ |
| ခ - ၁၈၄၆၉၈ | ဋ - ၄၂၁၀၉၇ | ဂ - ၇၇၄၉၂၀ |
| က - ၂၃၆၆၀၁ | က - ၄၆၀၆၈၁ | ဆ - ၇၈၇၄၀၆ |
| ဍ - ၂၆၆၃၃၂ | စ - ၄၆၀၈၈၈ | ဋ - ၉၁၁၁၁၀ |
| က - ၃၁၀၃၄၁ | စ - ၅၅၂၅၃၈ | ဌ - ၉၄၃၈၀၅ |
| ခ - ၃၆၆၀၁၅ | ဃ - ၆၂၉၄၆၉ | ည - ၉၅၆၄၅၂ |
| ဆ - ၃၉၂၇၀၅ | ပ - ၆၃၉၃၆၄ | ဈ - ၉၇၅၁၉၂ |
| ဋ - ၄၀၂၂၄၈ | ဋ - ၆၆၉၈၈၂ | |

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | |
|---|---|---|---|
| ဇ - ၁၅၆၃၂၂ | ပ - ၃၆၁၄၇၆ | ဈ - ၆၂၅၄၇၀ | ဋ - ၈၅၀၄၈၄ |
| က - ၁၅၈၈၄၆ | ဋ - ၃၉၆၂၁၀ | က - ၆၄၅၆၆၉ | ဇ - ၈၇၉၇၉၆ |
| ဍ - ၁၇၃၇၉၂ | ဌ - ၄၅၉၅၁၅ | ပ - ၆၆၂၁၁၀ | ဇ - ၉၁၈၈၇၀ |
| ဋ - ၁၈၃၂၃၈ | ည - ၅၀၉၂၇၇ | ဌ - ၆၇၀၆၃၅ | ဌ - ၉၆၁၂၁၇ |
| င - ၂၁၅၀၂၈ | ဍ - ၅၈၀၅၄၉ | စ - ၇၃၅၁၂၇ | ပ - ၉၆၁၈၃၄ |
| က - ၂၄၀၈၄၇ | စ - ၆၀၉၈၇၈ | ဍ - ၇၅၃၆၃၀ | ဌ - ၉၆၃၃၆၁ |
| င - ၂၆၉၈၇၄ | ဃ - ၆၁၁၂၄၇ | ဇ - ၈၁၅၆၁၈ | စ - ၉၈၁၄၅၅ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၅) ယူနစ်

| | |
|---|---|
| ဆ - ၃၄၅၅၀ | ဌ - ၇၅၂၁၈ |
| ည - ၆၅၅၃၄ | ည - ၇၈၉၉၄ |
| ည - ၇၃၇၇၈ | |

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၁၀) ယူနစ်

| | |
|---|---|
| ဈ - ၃၀၆၁ | ခ - ၅၈၇၆ |
| ဃ - ၃၁၂၈ | စ - ၆၂၄၈ |
| ဆ - ၃၃၇၄ | ဇ - ၆၅၂၂ |
| ဃ - ၅၀၈၆ | ပ - ၇၆၇၇ |
| ဋ - ၅၇၂၉ | ဆ - ၈၈၁၆ |

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁၂) ယူနစ်

| | | |
|---|---|---|
| ဌ - ၁၂၉ | ဇ - ၄၄၄ | ဍ - ၇၀၈ |
| ဇ - ၂၂၃ | ပ - ၄၅၀ | က - ၉၂၇ |
| ဂ - ၄၀၂ | ဍ - ၄၉၂ | ခ - ၉၃၂ |
| ဋ - ၄၃၃ | ဃ - ၅၁၀ | က - ၉၉၂ |

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၆) ယူနစ်

| | | |
|---|---|---|
| ည - ၁၇ | ဌ - ၄၁ | ဌ - ၆၄ |
| က - ၂၄ | င - ၅၅ | ဌ - ၇၂ |

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

ဍ - ၉

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ – ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ခ - ၂၁၀၃၆၆ | ဆ - ၇၅၂၆၇၀ |
| ဋ - ၇၁၁၆၄၄ | ဂ - ၈၂၆၉၆၁ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ဆ - ၃၈၄၃၀   ခ - ၇၃၂၆၂

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

ခ - ၄၄၂၆

ပ - ၉၀၃၅

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

ဇ - ၆၇၀

ဍ - ၉၆၁

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၂၆ ခုနှစ် ဇွန်လ (၁) ရက်နေ့တွင်ကျင်းပသည့် (၈၇) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၇၅၃၈၆) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၇၅၃၈၆) ဦးဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၈၈) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဏ) အက္ခရာထိ အက္ခရာ (၁၅) လုံးဖြစ်ပါသည်။

၃။ (၈၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၆-၂၀၂၆) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁-၆-၂၀၂၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

၄။ ယခု(၈၇)ကြိမ်မြောက်တွင် ဘဏ္ဍာသိမ်းရငွေ ဝေဝေဆာဆာပဒေသာဆုမဲများ(ယူနစ်)မှ ကျပ်(၁)သိန်းဆု ဍ-၉၆၁ နှင့် ဝေဝေဆာဆာပဒေသာ ကျပ် (၁)သောင်းဆုတွင်လည်း ဍ-၉ ထွက်ပေါ်လာပါသဖြင့် ဍ-၉၆၁ ဖြင့် ကံထူးသူသည် ကျပ် ၁၁၀၀၀၀/- ရရှိမည်ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၀၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင်
BEST Practices Award
ရရှိခဲ့သည့် ရွှေဖီဦး
Black Tea
SHWE PHE OO
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ နိုင်ငံတော်ရှေ့သိးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu နှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး



နေပြည်တော် ဇွန် ၁

အိန္ဒိယသမ္မတနိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu နှင့် ၎င်း၏သမ္မတအိမ်တော်၊ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတအား အိန္ဒိယသမ္မတနိုင်ငံသမ္မတက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးတို့ **စာမျက်နှာ ၅ ကော်လံ ၁ ❍**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

နေပြည်တော် ဇွန် ၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများတွင် ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ကာ ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ စတင်တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း **စာမျက်နှာ ၆ ကော်လံ ၁ ➤**



ကျိုင်းတုံမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား စတင်ထပ်မံတိုးချဲ့ပြေးဆွဲ

စာ - ၂၉ သို့

# အားအနည်းငယ်ရှိသောအယ်နီညိုအခြေအနေသို့ရောက်ရှိနေ

နေပြည်တော် ဇွန် ၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်နီညိုဖြစ်ပေါ်နိုင်သော အခြေအနေများကို တွေ့ရှိရပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ အားအနည်းငယ်ရှိသော အယ်နီညိုအခြေအနေသို့ ရောက်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

**စာမျက်နှာ ၂၉ ကော်လံ ၄ ▼**

## ဆောင်းပါး

“နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့” စာ - ၁၁ သို့

# မြဝတီနယ်စပ်မှပို့ကုန်များ တင်ပို့လျက်ရှိ



နေပြည်တော် ဇွန် ၁

ယခုကာလတွင် မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်သွင်းကုန်လိုင်စင်များ ခွင့်ပြုထားရှိရာ ပို့ကုန်အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ထောပတ်သီး၊ ကွမ်းသီး၊ နနွင်းတက်နှင့် ကြက်သွန်နီများ အများစုတင်ပို့လျက်ရှိကြောင်းနှင့် သွင်းကုန်အနေဖြင့် ထိုင်းဘတ်ငွေ ၆၂၀ သန်းတန်ဖိုးရှိ သွင်းကုန်လိုင်စင်များခွင့်ပြုထုတ်ပေးထားရှိပြီး ကုန်ပစ္စည်းအများစုမှာ စားသောက်ကုန်၊ လူသုံးကုန်နှင့် စက်မှုကုန်ကြမ်းများဖြစ်ကြောင်း သိရသည်။

မြဝတီ